မြဝတီ နေ့စဉ်

မှန်မည် ထူးမည်၊ မြန်မည် ဦးမည် အသွင်သစ်နှင့်မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၁)

၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်
၂၀၂၅ ခုနှစ်၊ မေ ၂၉ ရက်၊ အင်္ဂါနေ့


### မြတ်ဗုဒ္ဓ၏အဆုံးအမတရား

စိတ်သည် အရာရာကိုဦးဆောင်၏။ စိတ်သည် အမွန်မြတ်ဆုံးဖြစ်၏။ စိတ်သည် အရာရာကို ပြီးစီးစေ၏။ ကြည်လင်သောစိတ်ဖြင့် ပြုမူ ပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။ အေးမြသော အရိပ်သည် အစဉ်လိုက်ပါသည်နှင့်တူ၏။ **ဓမ္မပဒ**

### ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ပျံလွန်၊ ကွယ်လွန်ခဲ့ကြရသည့် ရဟန်း၊ ရှင်၊ လူ ပြည်သူများအားရည်စူး၍ တစ်လပြည့်နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

နေပြည်တော် မေ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ပျံလွန်၊ ကွယ်လွန်ခဲ့ကြရသည့် ရဟန်း၊ ရှင်၊ လူ ပြည်သူများအားရည်စူး၍ တစ်လပြည့်နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၌ ကျင်းပပြုလုပ်သည်။



နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

အခမ်းအနားသို့ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ၊ နိုင်ငံတော်သြဝါဒါစရိယ၊ တပ်ကုန်းမြို့၊ မဟာသီဟနာဒကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏ တို့အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊

**စာမျက်နှာ ၁၆ ကော်လံ ၅ ☆**




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဧပြီ ၂၉ ရက်)

# တပ်မတော်အတွက် စွမ်းအားဖြစ်စေရမည်

မြန်မာနိုင်ငံ၏ စစ်လက်နက်ပစ္စည်းများထုတ်လုပ်မှုနှင့်ပတ်သက်သည့် အတိတ်သမိုင်းကို ပြန်လည်လေ့လာကြည့်မည်ဆိုပါက ကုန်းဘောင်ခေတ်နှောင်းပိုင်းဖြစ်သည့် မင်းတုန်းမင်းတရားကြီးလက်ထက်တွင် နယ်ချဲ့အင်္ဂလိပ်တို့၏လက်နက်အားကိုးဖြင့် ကျူးကျော်လာမည့်အခြေအနေကိုရင်ဆိုင်ရန်အတွက် အိမ်ရှေ့စံကနောင်မင်းသားကြီးက စစ်လက်နက်ပစ္စည်းထုတ်လုပ်ရေးစက်ရုံများ စတင်တည်ထောင်ရန် ကြိုးပမ်းအားထုတ်ခဲ့သည်။ ထိုစဉ်က ဒင်္ဂါးစက်ရုံ၊ ရက်ကန်းစက်ရုံ၊ ဆန်ကြိတ်စက်ရုံ၊ မဲနယ်စက်ရုံများနှင့် သံဖိုရုံများအပြင် လက်နက်ငယ်များ၊ အမြောက်ကြီးငယ်များနှင့် ဗုံးဆန်အမြောက်ဆန်များ သွန်းလုပ်နိုင်သည့်စက်ရုံများ တည်ထောင်နိုင်ခဲ့ပြီး ရေမြှုပ်ဗုံး စမ်းသပ်ဖောက်ခွဲမှုများကိုပင် ဆောင်ရွက်နိုင်ခဲ့သည်။ ထိုအစဉ်အလာကို ဆက်လက်မထိန်းသိမ်းနိုင်သည့်အခါ မြန်မာနိုင်ငံသည် လွတ်လပ်ရေးဆုံးရှုံးခဲ့ရသည်။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် နိုင်ငံလွတ်လပ်ရေးရရှိခဲ့ပြီးနောက် ပြည်တွင်းရောင်စုံလက်နက်ကိုင်များ၏ ဆန့်ကျင်မှုနှင့်ရင်ဆိုင်ခဲ့ရသည်။ ရရှိပြီးစ မြန်မာနိုင်ငံ၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်ရန်အတွက် မြန်မာ့တပ်မတော်သည် ပြည်သူလူထုနှင့်လက်တွဲပြီး ခက်ခက်ခဲခဲကာကွယ်စောင့်ရှောက်ခဲ့ရသည့် သမိုင်းကြောင်းသည် အထင်အရှားရှိခဲ့သည်။ အဆိုပါကာလတွင် တပ်မတော်ခေါင်းဆောင်များအနေဖြင့် ကိုယ့်ပြည်တွင်းမှာပင် လက်နက်/ ခဲယမ်းများထုတ်လုပ်နိုင်ရန် ကြံစည်ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ထို့အတူ တပ်မတော်အတွက်လိုအပ်သည့် တပ်ဖွဲ့များကိုတိုးချဲ့ဖွဲ့စည်းခဲ့ကြသည်။ ၁၉၅၀ ပြည့်နှစ် ဧပြီလ ၂၆ ရက်တွင် ဖွဲ့စည်းပုံနှင့်စနစ်တကျဖွဲ့စည်းပြီး ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့နေ့အဖြစ်သတ်မှတ်ခဲ့သည်။ ထို့ကြောင့် ၂၀၂၅ ခုနှစ် ဧပြီလ ၂၆ ရက်သည် ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့တည်ထောင်ခဲ့သည့် (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ဖြစ်လာခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဧပြီလ ၂၆ ရက်ကကျင်းပသည့် (၇၅)နှစ်မြောက် စိန်ရတုကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့နေ့အထိမ်းအမှတ် ဂုဏ်ပြုအမှာစကားပြောကြားရာတွင် "ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့အနေဖြင့် **"Power To The Forces" "တပ်မတော်အတွက် စွမ်းအားဖြစ်စေရမည်"** ဆိုသည့်ဆောင်ပုဒ်နှင့်အညီ စစ်လက်နက်ပစ္စည်းအမျိုးမျိုးအား စွမ်းရည်ပြည့်ဝစွာ တပ်မတော်သို့ ထုတ်လုပ်ပေးသွင်းနိုင်ခဲ့သည့်အတွက် ခေတ်အဆက်ဆက်တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်ဖွဲ့အကြီးအကဲများ၊ တပ်ဖွဲ့ဝင်အရာရှိ၊ စစ်သည်များနှင့် ဝန်ထမ်းများအားလုံးကို မှတ်တမ်းတင်ဂုဏ်ပြုသည်ကိုပြောကြားလိုကြောင်း၊ စစ်လက်နက်နှင့်စစ်အသုံးအဆောင်ပစ္စည်းဆိုသည်မှာ စစ်မြေပြင်တွင် မှတ်ကျောက်တင်ခံရမည်ဖြစ်သည့်အတွက် အရည်အသွေးပိုကောင်းသည်ထက်ကောင်းအောင်၊ စွမ်းဆောင်နိုင်ရည် မြင့်မားသည်ထက်မြင့်မားအောင် နယ်ပယ်စုံမှ ကြိုးပမ်းဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း" ထည့်သွင်းပြောကြားခဲ့သည်။

တပ်မတော်သည် နိုင်ငံတော်အစိတ်အပိုင်းတစ်ခုဖြစ်သကဲ့သို့ ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့သည်လည်း တပ်မတော်၏အစိတ်အပိုင်းတစ်ခုဖြစ်သည်။ တပ်မတော်သားဆိုသည်မှာ ပြည်သူများအတွင်းမှ မွေးဖွားလာသူများဖြစ်ကြပြီး တပ်မတော်သို့ မိမိတို့၏ကိုယ်ပိုင်ဆန္ဒဖြင့် တပ်မတော်တွင်တာဝန်ထမ်းဆောင်နေကြသူများဖြစ်ကြသည်။ မိမိတို့အသီးသီးတတ်ကျွမ်းသောပညာရပ်များအလိုက် တာဝန်ထမ်းနေကြသော်လည်း အားလုံးသည်တပ်မတော်သားများဖြစ်ကြသည်။ တပ်မတော်အတွက် ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့သည် တပ်မတော်၏စစ်စွမ်းအင်၊ စစ်စွမ်းအားမြင့်မားရေးအတွက် အဓိကကျသည့် တပ်ဖွဲ့တစ်ခုဖြစ်သည်။

ထို့ပြင် ထူးခြားထင်ရှားသည့် စွမ်းဆောင်ချက်တစ်ရပ်အနေဖြင့် ၂၀၂၃ ခုနှစ် ဩဂုတ်လ ၁ ရက်တွင် ထုဆစ်ပူဇော်ပြီးမြောက်ခဲ့သည့် ကမ္ဘာ့အကြီးဆုံး စကျင်ကျောက် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဖြစ်သည့် **" မာရဝိဇယ "** ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင်လည်း ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့မှ အရာရှိ၊ စစ်သည်များအနေဖြင့် အဓိကအခန်းကဏ္ဍမှနေ၍ ထူးခြားစွာပါဝင်ဆောင်ရွက်ခဲ့သည်ကိုလည်း တွေ့ရှိရမည်ဖြစ်သည်။

ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့သည် မြန်မာနိုင်ငံလွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာခဲ့ပြီး တပ်မတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ခဲ့သည့် သမိုင်းတစ်လျှောက်တွင် အရေးပါသည့်အခန်းကဏ္ဍတစ်ခုအဖြစ် စဉ်ဆက်မပြတ်ပါဝင်ခဲ့ပြီး ဖြတ်သန်းလာခဲ့သည့် (၇၅)နှစ်တာကာလအတွင်း ကောင်းမွန်သောအစဉ်အလာများ၊ ဂုဏ်ဒြပ်များကို လက်ဆင့်ကမ်းတာဝန်ယူဆက်လက်ထိန်းသိမ်းလျက်ရှိပြီး တိုင်းပြည်နှင့်တပ်မတော်အပေါ် သစ္စာရှိစွာ ကျရာတာဝန်ကိုကျေပွန်အောင် ဆက်လက်ထမ်းဆောင်လျက်ရှိကြသည်။

နိုင်ငံတော်မှ သက်ဆိုင်ရာကဏ္ဍအလိုက် ရှေ့ဆောင်ရှေ့ရွက်ပြုပြီး ထူးချွန်စွာ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ခဲ့သည့် သက်ဆိုင်ရာပညာရပ်အလိုက် နိုင်ငံတော်နှင့် တပ်မတော်အတွက် အကျိုးပြုခဲ့ကြသည့် ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင်တံဆိပ်များကို နိုင်ငံတော်မှဂုဏ်ပြုချီးမြှင့်လျက်ရှိရာတွင် ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အရာရှိ၊ စစ်သည်၊ ဝန်ထမ်းများထဲမှ နိုင်ငံတော်အဆင့်၊ တပ်မတော်အဆင့် ဘွဲ့ထူး၊ ဂုဏ်ထူးလက်မှတ်ရရှိသူ စုစုပေါင်း ၅၁၃ ဦး ထိုက်တန်စွာရရှိခဲ့ကြသည်မှာ နိုင်ငံနှင့်တပ်မတော်အတွက် စွမ်းအားများဖြစ်ပါကြောင်း။ ။

# မော်လိုက်မြို့နယ်၌ နွေစပါးသီးနှံ ၁၆၈၉ ဧကစိုက်ပျိုးပြီးစီး

မော်လိုက် ဧပြီ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးချိန်တွင် နွေစပါးသီးနှံ ၁၆၈၉ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မော်လိုက်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနစာရင်းများအရ သိရသည်။

ယခု၂၀၂၄-၂၀၂၅ ခုနှစ် နွေသီးနှံစိုက်ပျိုးချိန်တွင် မော်လိုက်မြို့နယ်၌ နွေစပါးသီးနှံဧက ၂၃၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇန်နဝါရီလမှစ၍ စိုက်ပျိုးကြရာ ယနေ့အထိ ၁၆၈၉ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

နွေစပါးသီးနှံစိုက်ပျိုးမည့်တောင်သူများအနေဖြင့် တစ်ဧကအထွက်နှုန်းတိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုးကောင်းမျိုးသန့်များဖြန့်ဖြူးခြင်း၊ နည်းပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ တောင်သူပညာပေးသင်တန်းနှင့်ပညာပေးဆွေးနွေးပွဲများဆောင်ရွက်ခြင်း၊ လိုအပ်သည့်သွင်းအားစုများ အချိန်မီရရှိရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

တောင်သူလယ်သမားကြီးများအနေဖြင့် မိုးစပါးနှင့်မိုးသီးနှံရိတ်သိမ်းအပြီး နွေစပါးနှင့်အခြားသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ထုတ်ပြန်ထားသည့် သီးနှံပိုးမွှားရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာညွှန်ကြားချက်များ၊ မြေဆီလွှာ၊ အာဟာရဖြည့်တင်းရေးဆိုင်ရာ လုပ်ငန်းများနှင့် မျိုးကောင်းမျိုးသန့်မျိုးစေ့များ ကြိုတင်စုဆောင်းရေးဆိုင်ရာလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ ကြိုတင်ပြင်ဆင်ထားကြရန် နှိုးဆော်ထားသည်။

စိုက်ပျိုးရေးအတွက် အခြေခံလိုအပ်ချက်မှာ မျိုး၊ မြေ၊ ရေ၊ နည်းဖြစ်ပြီး မြေကောင်းမြေသန့်ဖြစ်စေရန် မြေဩဇာကို သဘာဝနည်းဖြင့် မှန်ကန်စွာအသုံးချရေး၊ စိုက်ပျိုးရေအပြည့်အဝရရှိရေးနှင့် ရာသီဥတုနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ တွေ့ကြုံလာသည့် ရာသီဥတုအခြေအနေအပေါ်မူတည်၍ စိုက်ပျိုးနည်းစနစ်များ ပြောင်းလဲစိုက်ပျိုးရန်လိုအပ်ကြောင်း သိရသည်။ (၄၀၉)

# အခြေခံစားသောက်ကုန်နှင့် အလှကုန်များ၊ ဆေးဝါးအမျိုးမျိုး ကုန်ဈေးနှုန်းတည်ငြိမ်စွာ ဈေးကွက်အတွင်းရောင်းချနိုင်ရေး တွေ့ဆုံဆွေးနွေး

မအူပင် ဧပြီ ၂၈

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ အခြေခံစားသောက်ကုန်၊ အလှကုန်များ၊ ဆေးဝါးအမျိုးမျိုး ကုန်ဈေးနှုန်းတည်ငြိမ်စွာ ဈေးကွက်အတွင်းရောင်းချနိုင်ရေးအတွက် ဌာနဆိုင်ရာများနှင့် ကွင်းဆင်းဆောင်ရွက်နိုင်ရန် တွေ့ဆုံဆွေးနွေးပွဲကို ဧပြီလ ၂၈ ရက် နံနက်ပိုင်းတွင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး၌ကျင်းပသည်။

ဆွေးနွေးပွဲတွင် မအူပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာနဦးစီးမှူး ဦးဇော်မင်းက ဌာနဆိုင်ရာများ၏ ညွှန်ကြားချက်များ၊ မိမိတို့ဌာနညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ပြီး မိမိတို့ဒေသအတွင်း အခြေခံကုန်ဈေးနှုန်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းဈေးနှုန်းများ မြင့်တင်ရောင်းချမှုမရှိစေရေး ဆောင်ရွက်နိုင်ရန်အတွက် ရပ်ကွက်နှင့်ဈေးအတွင်းဖွင့်လှစ်ထားသောဆိုင်များအား အလှည့်ကျ အပတ်စဉ်စစ်ဆေးဆောင်ရွက်ရန်၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပြီး မြေပြင်ဖြစ်ပေါ်မှုအခြေအနေမှန်များကို စိစစ်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ သို့မှသာ ဈေးနှုန်းတည်ငြိမ်ရေးကို ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းနှင့် သတ်မှတ်ချက်နှင့်မညီသည့် လုပ်ငန်းရှင်များအား အသိပညာပေးခြင်းနှင့် ထိရောက်စွာကြပ်မတ်ဆောင်ရွက်ရန်လိုအပ်ကြောင်း ရှင်းလင်းဆွေးနွေးရာ ဆွေးနွေးပွဲတက်ရောက်လာသူများက ဈေးနှုန်းများမြှင့်တင်ရောင်းချမှုမရှိစေရေး ဈေးနှုန်းပြောင်းလဲမှုကို ကြပ်မတ်ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်ထားမှုများကို ဖြည့်စွက်ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ မအူပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနနှင့်စည်ပင်သာယာရေးအဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြကြောင်း သိရသည်။

အောင်မြင့်မြတ် (ပြန်/ဆက်)

## သဇင် (FM)အသံလွှင့်အစီအစဉ်

၂၉-၄-၂၀၂၅(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | နှလုံးသားဝယ် ဘုရားတည် |
| ၂။ | ၁၁:၅၀ | လှပကျန်းမာ |
| ၃။ | ၁၄:၅၀ | Speech On Air |
| ၄။ | ၁၆:၀၀ | တပ်မတော် စာတိုက်ခန်း |
| ၅။ | ၁၇:၀၀ | ထင်ရှားကျော်ကြား ပုဂ္ဂိုလ်များ |
| ၆။ | ၂၁:၂၀ | Memory Box |


မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# လူရည်ချွန်တို့ပျော်တဲ့ပွဲ..... အစိုးရရဲ့စေတနာကိုမြင်ရမယ့်ပွဲ.....

ထက်မြတ်

လူရည်ချွန်ဖြစ်ဖို့ ကျွန်တော်ကြိုးစားမည်... ဆရာဝန်ဖြစ်ဖို့ ကျွန်တော်ကြိုးစားမည်... မြန်မာ့သားကောင်းဇာနည် စစ်သားကြီးကို ကျွန်တော်မျှော်မှန်းသည်...

တစ်နေ့က နေ့လယ်စာစားပြီး အိမ်ရှေ့ကွပ်ပျစ်လေးမှာထိုင် ထန်းလျက်ခဲလေးစား ရေနွေးကြမ်းလေးသောက် ဖုန်းထဲကနေ “လူရည်ချွန်” ဆိုတဲ့သီချင်းလေးနားထောင်နေတုန်း ရုတ်တရက်ဆိုသလို ကားတစ်စီးထိုးဆိုက်လာပါတယ်။ ကားထဲကဆင်းလာသူက ကျွန်တော့်ရဲ့တစ်မြို့တည်းနေမိတ်ဆွေရင်းကြီးကိုငြိမ်းချမ်းပေ့ါ။ သူ့ကြည့်ရတာ အလောတကြီးနဲ့တစ်ခုခုကိုအလိုမကျပုံပဲ။ ဒါနဲ့ ကျွန်တော်ကပဲ ခရီးဦးကြိုဆိုနှုတ်ဆက်လိုက်ပါတယ်။

**ထက်မြတ်။** လာဗျာ ကိုငြိမ်းချမ်း။ ခင်ဗျားကြည့်ရတာ မောနေပုံပဲ။ ရေနွေးကြမ်းလေးသောက်၊ ထန်းလျက်လေးစားဦးဗျာ။

**ငြိမ်းချမ်း။** ဟုတ်တယ် ကိုထက်မြတ်ရေ၊ ကျွန်တော့်မှာလည်း အိမ်က အပျက်အစီးတွေကိုရှင်းရင်းနဲ့ မောလာတာကတစ်ဖက်၊ အိမ်ကသားတော်မောင်က တက္ကသိုလ်ဝင်စာမေးပွဲပြန်ဖြေရမယ်ဆိုတဲ့ သတင်းကတစ်ဖက်နဲ့ လူရောစိတ်ရောမောနေတာပဲဗျို့။

ကိုငြိမ်းချမ်းတို့မိသားစုဆိုတာ ဟိုတလောက လျှင်လှုပ်တော့ ကံကောင်းထောက်မစွာနဲ့ အပြင်ရောက်နေလို့ လူတွေကဘာမှမဖြစ်ပေမယ့် အိမ်ကတော့ဖြိုပြီးပြန်ဆောက်ရမယ့်အခြေအနေနဲ့ ရင်ဆိုင်နေရသူပါ။

**ထက်။** ဆိုစမ်းပါဦးဗျ။ ဘာတွေစိတ်မောနေရတာလဲ။

**ငြိမ်း။** ဒီလိုဗျ။ တက္ကသိုလ်ဝင်စာမေးပွဲတွေ ပြန်ဖြေရမယ်ဆိုတဲ့ကိစ္စလေ။ ခင်ဗျားလည်းကြားမှာပေ့ါ။ အိမ်ကသားကလည်း စာမေးပွဲပြန်ဖြေရမယ့်အထဲမှာပါတယ်လေ။ အခု ပြန်ဖြေခိုင်းရင်ကောင်းမလား။ မဖြေခိုင်းရင်ကောင်းမလား။ စဉ်းစားရကျပ်နေတာဗျ။ ကျွန်တော့်သဘောကတော့ အစိုးရအနေနဲ့ မီးလောင်တဲ့ထဲပါသွားတဲ့ အဖြေလွှာပိုင်ရှင်တွေအားလုံးကို အအောင်ပေးလိုက်လည်းရတာပဲမဟုတ်ဘူးလား။ ကျွန်တော်တော့ အခုလိုမျိုးပြန်ဖြေခိုင်းတဲ့ကိစ္စကြီးကို သိပ်သဘောမကျပါဘူးဗျာ။ ခင်ဗျားကဒီအပိုင်းတွေနဲ့ပတ်သက်ရင် နည်းနည်းလည်း နှံ့နှံ့စပ်စပ်ရှိတော့ အကြံလည်းတောင်းရအောင် လာခဲ့တာပဲဗျို့။

**ထက်။** ဟုတ်ပြီဗျာ။ ခင်ဗျားက အကြံလာတောင်းတော့လည်း အကြံကောင်းပေးရတာပေ့ါ။ ကျွန်တော်ပေးမယ့်အကြံကတော့ ခင်ဗျားသားကို တက္ကသိုလ်ဝင်စာမေးပွဲ ပြန်ဖြေခိုင်းလိုက်ပါဗျာ။

**ငြိမ်း။** ဘာကြောင့်လဲဆိုတာ လင်းပါဦးဗျ။ အခုလိုမျိုးအကြံပေးရတဲ့အတွက် ခင်ဗျားမှာအကြောင်းပြချက်ကောင်းတစ်ခုရှိမယ်လို့ယုံတယ်ဗျာ။

**ထက်။** အကြောင်းပြချက်ကောင်းက တစ်ခုတည်းမဟုတ်ဘူးဗျ။ အများကြီးရှိတယ်။ အရင်ဆုံး တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာတွေ မီးထဲပါသွားရတဲ့အကြောင်းကို ပြောပြမယ်။ လျှင်လှုပ်တော့ မန္တလေးတက္ကသိုလ်ပင်မဆောင်မှာ စာစစ်လုပ်ငန်းဆောင်ရွက်နေတဲ့ ဆရာ၊ ဆရာမတွေအများကြီးပဲရှိတယ်ဗျ။ သူတို့လည်း လျှင်လှုပ်ပြီဆိုတာနဲ့ အဆောင်အောက်ကိုပြေးထွက်ပြီး အသက်ဘေးလွတ်ရာကို ရှောင်တိမ်းကြရတယ်ပေ့ါဗျာ။ အဲဒီအချိန်မှာ လျှင်ဒဏ်ကြောင့် တက္ကသိုလ်ပင်မဆောင်က ပြိုကျသွားတဲ့အပြင် နောက်ဆက်တွဲအနေနဲ့ မီးလောင်မှုလည်းဖြစ်ခဲ့တယ်ဗျ။ အဲဒီမီးလောင်မှုမှာ အဖြေလွှာတွေအားလုံး မီးလောင်ပျက်စီးသွားရတာပဲဗျာ။ တစ်နိုင်ငံလုံးရဲ့ အဖြေလွှာတွေတော့ မဟုတ်ပါဘူး။ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနဲ့ နေပြည်တော်ကောင်စီနယ်မြေတို့က ကျောင်းသားတွေရဲ့အဖြေလွှာတွေပဲပါသွားတာပါ။ ကျန်ရှိတဲ့ တိုင်းဒေသကြီး၊ ပြည်နယ်တွေက ကျောင်းသားတွေရဲ့အဖြေလွှာတွေကတော့ အခုဆိုရင်အမှတ်တောင်ခြစ်ပြီးလောက်ပြီနဲ့တူတယ်ဗျ။ အဲဒီအဖြေလွှာတွေထဲမှာ ဂုဏ်ထူးထွက်တဲ့သူရှိမယ်။ ရိုးရိုးအောင်တဲ့သူရှိမယ်။ ခင်ဗျားပြောသလို မီးလောင်သွားတဲ့အဖြေလွှာတွေရဲ့ပိုင်ရှင်တွေအားလုံး

> ❖ **အခုမီးလောင်သွားတဲ့အဖြေလွှာတွေထဲမှာ ဘာသာစုံအမှတ်ပြည့်ရနိုင်တဲ့သူတွေမပါဘူးလို့ ခင်ဗျားတပ်အပ်ပြောနိုင်ပါ့မလား။ နိုင်ငံခြားပညာတော်သင်သွားချင်တဲ့ကလေးတွေ၊ သွားခွင့်ရမယ့်ကလေးတွေ၊ လူရည်ချွန်ဖြစ်နိုင်တဲ့ကလေးတွေ မပါဘူးလို့ရော ခင်ဗျားပြောနိုင်မလား။ ဒါကြောင့် တိုင်းဒေသကြီး၊ ပြည်နယ်လေးခုက မီးလောင်သွားတဲ့အဖြေလွှာတွေအတွက် ကျောင်းသားတွေအနေနဲ့ တက္ကသိုလ်ဝင်စာမေးပွဲကို ပြန်ဖြေသင့်တယ်ဆိုတဲ့ ပထမဆုံးအကြောင်းပြချက်ကတော့ ဒါပါပဲဗျာ . . .**

ကို အအောင်ပေးလိုက်မယ်ဆိုရင် သူတို့ရဲ့ရမှတ်ကို ဘယ်လိုတွက်မလဲဗျ။ တချို့က ပြောကြတာရှိတယ်။ အခု အအောင်ပေးလိုက်ပြီး သူတို့နှစ်သက်ရာတက္ကသိုလ်ကိုတက်တော့မှ တက္ကသိုလ်တွေကနေဝင်ခွင့်စာမေးပွဲစစ်ဆေးလိုက်ရင် မရဘူးလားဆိုပြီး ပြောကြတာလေ။ ခင်ဗျားလည်းကြားမိမယ်ထင်ပါတယ်။ ဒီအတွက် ကျွန်တော့်အနေနဲ့ နည်းနည်းလောက်ထပ်ရှင်းပြဦးမယ်ဗျ။ အခုတော့ ရေနွေးလေးသောက်လိုက်ဦးမယ်။

**ငြိမ်း။** သောက်ပါဗျာ။ သောက်ပါ။ ခင်ဗျားပြောမှသိရမယ့်သူဆိုတော့လည်း စောင့်ရမှာပေ့ါ။

**ထက်။** ကျွန်တော် အခုပြောမယ့်အကြောင်းက မြန်မာနိုင်ငံရဲ့တက္ကသိုလ်ဝင်စာမေးပွဲစနစ်က ဘယ်လိုအရာတွေနဲ့ချိတ်ဆက်ထားတယ်ဆိုတဲ့အကြောင်းပဲဗျ။ ခင်ဗျား GCE O-Level ဆိုတာ ကြားဖူးတယ်မလား။ အခုတော့ IGCSE လို့ခေါ်တာပေ့ါ။ နိုင်ငံတကာမှာ အသုံးပြုနေတဲ့ တက္ကသိုလ်ဝင်စာမေးပွဲစနစ်လေ။ ဒီမှာ တက္ကသိုလ်ဝင်စာမေးပွဲအောင်ပြီးလို့ တခြားနိုင်ငံတွေမှာ တက္ကသိုလ်ဆက်တက်ချင်တယ်။ နိုင်ငံခြားကို ပညာတော်သင်အနေနဲ့သွားချင်တယ်ဆိုရင် IGCSE ကို မဖြစ်မနေဖြေရတာပေ့ါ။ အခု ကျွန်တော်တို့နိုင်ငံက ပညာရေးကိုအဆင့်မြှင့်တင်လာတဲ့အတွက် ဒီက တက္ကသိုလ်ဝင်စာမေးပွဲနဲ့ IGCSE ကိုချိတ်ဆက်ထားတယ်ဆိုတာ သိတဲ့သူတော်တော်နည်းတယ်ဗျ။ ဆိုလိုတာက ဒီမှာတက္ကသိုလ်ဝင်စာမေးပွဲအောင်ပြီဆိုတာနဲ့ IGCSE ကိုအောင်တာနဲ့ အတူတူပဲလို့ ပြောလို့ရတာပေ့ါ။ အထူးသဖြင့် အင်္ဂလိပ်စာ၊ သင်္ချာ စတဲ့ဘာသာရပ်အခြေပြု စာမေးပွဲပါ။ ဒီမှာအင်္ဂလိပ်စာအောင်ရင် IGCSE မှာလည်း အင်္ဂလိပ်စာအောင်မယ်။ ဒီမှာ သင်္ချာအောင်ရင် IGCSE မှာလည်း သင်္ချာအောင်မယ်။ အဲဒီသဘောမျိုးပေ့ါ။ ဒါပေမဲ့ IGCSE က အောင်ရုံသက်သက်မဟုတ်ဘူးဗျ။ သူ့မှာအမှတ်စာရင်းဆိုတာရှိတယ်။ သတ်မှတ်ထားတဲ့အမှတ်စာရင်းကိုရမှသာ အောင်တယ်လို့ဆိုနိုင်တာကိုးဗျ။ အစောပိုင်းက ခင်ဗျားပြောသလို အားလုံးကို အအောင်ပေးလိုက်ရင် မီးလောင်သွားတဲ့အဖြေလွှာပိုင်ရှင်တွေအတွက် သိပ်ကိုနစ်နာလှတယ်ဗျ။ ဘာဖြစ်လို့လဲဆိုရင် သူတို့မှာအမှတ်စာရင်းမရှိဘူးလေ။ ဒီတော့ အစိုးရက အအောင်ပေးလို့သာ အောင်သွားရတယ်။ နိုင်ငံတကာမှာတော့ တန်းမဝင်နိုင်တော့ဘူးလေ။ အဓိကက နိုင်ငံခြားပညာတော်သင်မှန်းထားတဲ့သူတွေအနေနဲ့ ဆုံးရှုံးနစ်နာမှုက အကြီးကြီးဖြစ်သွားမှာပါ။

ပြီးတော့ လူရည်ချွန်မှန်းထားတဲ့ကလေးတွေ။ အခုမီးလောင်သွားတဲ့အဖြေလွှာတွေထဲမှာ ဘာသာစုံအမှတ်ပြည့်ရနိုင်တဲ့သူတွေမပါဘူးလို့ ခင်ဗျားတပ်အပ်ပြောနိုင်ပါ့မလား။ နိုင်ငံခြားပညာတော်သင်သွားချင်တဲ့ကလေးတွေ၊ သွားခွင့်ရမယ့်ကလေးတွေ၊ လူရည်ချွန်ဖြစ်နိုင်တဲ့ကလေးတွေ မပါဘူးလို့ရော ခင်ဗျားပြောနိုင်မလား။ ဒါကြောင့် တိုင်းဒေသကြီး၊ ပြည်နယ်လေးခုက မီးလောင်သွားတဲ့အဖြေလွှာတွေအတွက် ကျောင်းသားတွေအနေနဲ့ တက္ကသိုလ်ဝင်စာမေးပွဲကိုပြန်ဖြေသင့်တယ်ဆိုတဲ့ ပထမဆုံးအကြောင်းပြချက်ကတော့ ဒါပါပဲဗျာ။

**ငြိမ်း။** ခင်ဗျားပြောတော့လည်း ဟုတ်သားပဲဗျ။ ကျွန်တော်တို့ရဲ့ တက္ကသိုလ်ဝင်စာမေးပွဲက GCE O-Level၊ ခင်ဗျားပြောတဲ့ IGCSE နဲ့ချိတ်ဆက်ထားတယ်ဆိုတာ တကယ်ကိုမသိခဲ့တာဗျ။ အခုတော့ ခင်ဗျားကျေးဇူးကြောင့်သိလိုက်ရပါပြီ။ ဒါနဲ့ နောက်ထပ်အကြောင်းရင်းတွေရောရှိသေးလားဗျ။ ရှိရင်ပြောပါဦး။

**ထက်။** ရှိသေးတယ်ဗျ။ ဒါကျတော့ ဂုဏ်သိက္ခာနဲ့ဆိုင်သွားပြီ။ ဥပမာဗျာ။ အခု အစိုးရက မီးလောင်သွားတဲ့အဖြေလွှာတွေရဲ့ပိုင်ရှင်တွေကို အားလုံးအအောင်ပေးလိုက်ပြီဆိုပါစို့။ ကျောင်းပြီးလို့ အလုပ်ခွင်တွေဝင်ကြတဲ့အခါ အချင်းချင်းမေးကြမြန်းကြတာရှိတယ်လေ။ တက္ကသိုလ်ဝင်စာမေးပွဲကို ဘယ်နှခုနှစ်ကအောင်တာလဲပေ့ါ။ ၂၀၁၅ ခုနှစ်မှာ အောင်တာပါပေ့ါ။ ဟာ ဒါဆိုတက္ကသိုလ်ဝင်စာမေးပွဲကို အလိုအလျောက်အောင်လာတဲ့သူတွေပေ့ါဆိုတဲ့အကြည့်နဲ့ အရင်ဆုံးအကြည့်ခံရမှာမဟုတ်ဘူးလားဗျ။ ခင်ဗျားကို မန္တလေးကလား၊ ရန်ကုန်ကလား ဘယ်သူမှမေးမှာမဟုတ်ဘူးဗျ။ ၂၀၁၅ ခုနှစ်မှာအောင်တယ်ဆိုတာနဲ့တင် အဲဒီသူရဲ့အရည်အချင်းကို လူတွေကတန်းပြီးအကဲဖြတ်လိုက်ကြမယ်ဆိုတာ ခင်ဗျားလည်းရိပ်စားမိမှာပါ။

**ငြိမ်း။** ခင်ဗျားပြောတော့လည်း ဟုတ်တာပဲဗျ။ ကျွန်တော်တောင် အဲဒီလိုမျိုးမတွေးမိဘူး။ အဲဒီလိုမျိုးသာဆိုရင် တကယ်ကိုအရည်အချင်းရှိပေမယ့် ကိုယ့်ရဲ့အရည်အချင်းက ဘယ်လောက်အထိရှိပါတယ်ဆိုတာကို ဖော်ပြခွင့်မရတဲ့သူရယ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်ဖို့ အရည်အချင်းမပြည့်မီတဲ့သူရယ်ကို တစ်တန်းတည်းသဘောထားပြီး ဆက်ဆံကြမယ့်အခြေအနေဖြစ်သွားမှာပေ့ါ။ ဒါလေးက ဘာမှမဟုတ်ဘူးဆိုပေမယ့် တကယ်တမ်းရှင်းပြလို့မရတဲ့အတိုင်းအတာနဲ့ သူတင်ကိုယ်တင်ပြောကြတဲ့အခြေအနေမှာတော့ အရေးပါတယ်လို့ဆိုရမှာဗျ။

**ထက်။** ဟုတ်တာပေ့ါဗျာ။ အခုလိုမျိုး တက္ကသိုလ်ဝင်စာမေးပွဲကို တချို့လူတွေပြောကြသလို အားလုံးကို အအောင်ပေးလိုက်မယ်ဆိုပါစို့။ တစ်နှစ်ပတ်လုံး ဒီစာမေးပွဲအတွက် ကျားကုတ်ကျားခဲကြိုးစားပြီး အများကြီးမျှော်လင့်ခဲ့တဲ့ကလေးတွေက အောင်တယ်ဆိုရုံလေးနဲ့ကျေနပ်ရမယ်ဆိုရင် ခင်ဗျားရော ကြိုက်ပါ့မလား။ ကျွန်တော်ကတော့ မကြိုက်ဘူးဗျ။ ဒါကြောင့်လည်း နောင်တစ်ချိန်ရင်ဆိုင်ရမယ့် ကိုယ့်ဂုဏ်သိက္ခာအတွက် အခုကတည်းက နည်းနည်းလောက်ပိုပြီးအပင်ပန်းခံပြီး တက္ကသိုလ်ဝင်စာမေးပွဲကို ပြန်ဖြေသင့်တယ်မဟုတ်ဘူးလားဗျာ။ ဒါကတော့ ဒုတိယမြောက်အကြောင်းပြချက်ပေ့ါ။

**ငြိမ်း။** အခုက ဒုတိယအကြောင်းပြချက်ဆိုရင် နောက်ထပ်အကြောင်းပြချက်တွေရှိသေးလို့လားဗျ။

**ထက်။** ရှိပါသကောဗျာ။ ခင်ဗျားလည်း တက္ကသိုလ်ဝင်စာမေးပွဲကိုဖြေခဲ့တယ်။ ကျွန်တော်လည်း တက္ကသိုလ်ဝင်စာမေးပွဲကိုဖြေခဲ့တယ်။ ကျွန်တော်ဆိုလည်း ဂုဏ်ထူးသုံးဘာသာမှန်းတာ တစ်ဘာသာပဲရခဲ့တယ်။ ခင်ဗျားလည်း ဂုဏ်ထူးမှန်းထားပေမယ့် ရိုးရိုးပဲအောင်ခဲ့တယ်။ ဟုတ်တယ်မလား။ ကျွန်တော်တို့ရဲ့အမှတ်စာရင်းတွေကလည်း ကျွန်တော်တို့ရဲ့အိပ်မက်ကိုရိုက်ချိုးပြီး အခုလက်ရှိ ရပ်တည်နေရတဲ့လမ်းကြောင်းပေါ် တင်ပေးလိုက်ကြတာမဟုတ်ဘူးလားဗျာ။ ကျွန်တော်ဆိုရင် ဝါသနာပါတာက အင်ဂျင်နီယာပေမယ့် တကယ်တမ်းလုပ်နေရတော့ သာမန်ဝန်ထမ်းလေးပဲဖြစ်ခဲ့ရတာလေ။ တကယ်လို့များ ကျွန်တော်တို့အသက်တွေပြန်ငယ်ပြီး တက္ကသိုလ်ဝင်စာမေးပွဲကိုပြန်ဖြေခွင့်ရမယ်ဆိုရင် ခင်ဗျားရော ပြန်မဖြေချင်ဘူးလား။

**ငြိမ်း။** ဘယ့်နှယ်ပြောပါလိမ့်ဗျာ၊ ပြန်ဖြေချင်တာပေ့ါ။ တကယ်လို့များ ပြန်ဖြေခွင့်ရမယ်ဆိုရင် ကျွန်တော်အားနည်းခဲ့တဲ့ဘာသာရပ်တွေကို သေချာပိုင်နိုင်အောင်လုပ်မယ်။ ပြီးရင် အမှတ်ကောင်းကောင်းရပြီး ရေကြောင်းပညာတက္ကသိုလ်ကို ဆက်တက်မယ်ဗျာ။

**ထက်။** ကျွန်တော်ပြောချင်တာလည်း အဲဒါပဲဗျ။ အခု မီးလောင်သွားတဲ့အဖြေလွှာတွေရဲ့ပိုင်ရှင်ကလေးတွေဟာလည်း ပြီးခဲ့တဲ့စာမေးပွဲကြီးမှာ စိတ်တိုင်းကျမဖြေနိုင်ခဲ့တာရှိမှာပဲဗျ။ တချို့ဆိုရင် အင်္ဂလိပ်စာဖြေတဲ့နေ့မှာတင် တော်ပါပြီ ဂုဏ်ထူးမမှန်းတော့ပါဘူး။ နှစ်ချင်းပေါက်အောင်ရင်ပဲ ရပါပြီဆိုပြီး သူတို့ရဲ့အိပ်မက်တွေကို လက်လျှော့လိုက်ကြတဲ့ ကလေးတွေရှိမှာပဲလေ။ ဒီလိုမျိုး မတတ်သာလို့ အိပ်မက်ကိုလက်လျှော့လိုက်ရတဲ့ကလေးတွေအတွက် အဆိုးထဲကအကောင်းအနေနဲ့ အခုတစ်ကြိမ်က ကံကြမ္မာရဲ့မျက်နှာသာပေးမှုကို ရတယ်လို့ယူဆလိုက်မယ်ဆိုရင် စာကို ပိုပြီးတော့ကြိုးစားချင်စိတ်ဖြစ်လာပြီး တက္ကသိုလ်ဝင်စာမေးပွဲကို ပထမတစ်ကြိမ်ကထက် **စာမျက်နှာ ၄ သို့** ❑

❑ **စာမျက်နှာ ၃ မှအဆက်**

ပိုပြီးပိုင်ပိုင်နိုင်နိုင်ဖြေဆိုနိုင်မှာ မဟုတ်ဘူးလားဗျာ။ ဒါကြောင့် အခုတစ်ကြိမ်စာမေးပွဲကို ပြန်ဖြေသင့်တယ်ဆိုတဲ့ တတိယမြောက်အကြောင်းပြချက်ကတော့ ပိုကောင်းဖို့ဖြစ်လာတယ်လို့သာတွေးကြည့်ပြီး ကံကြမ္မာက နောက်တစ်ကြိမ်ကြိုးစားခွင့်ပေးလိုက်တယ်ဆိုတဲ့အချက်ပဲဗျ။

**ငြိမ်း။** ခင်ဗျားပြောတော့လည်း တော်တော်လေးတော့ သဘောကျဖို့ကောင်းသဗျ။ ဒါနဲ့နေပါဦးဗျ။ ဒီလိုမျိုး သဘာဝဘေးတွေကြောင့် တက္ကသိုလ်ဝင်စာမေးပွဲကို ထပ်မဖြေရတော့ဘဲ အအောင်ပေးလိုက်တဲ့ဖြစ်စဉ်တွေ နိုင်ငံတကာမှာရှိလားဗျ။ ရှိရင် ကျွန်တော်တို့ ဗဟုသုတရအောင် ပြောပြပါဦး။

**ထက်။** ၁၉၉၅ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်ပေါ့ဗျာ။ ဂျပန်နိုင်ငံ ကိုဘေးမြို့မှာ ပြင်းအား ၆ ဒသမ ၉ ရစ်(ခ်)တာစကေးရှိတဲ့ ငလျင်ကြီးလှုပ်တယ်ဗျ။ အဲဒီငလျင်မှာသေဆုံးသွားသူအရေအတွက်က ၆၄၀၀ ကျော်ရှိတယ်။ အဲဒီငလျင်လှုပ်တဲ့အချိန်က ကျောင်းသားတွေအနေနဲ့ တက္ကသိုလ်ဝင်စာမေးပွဲဖြေဖို့ပြင်ဆင်နေတဲ့အချိန်ဗျ။ မနက်ဖြန်၊ သန်ဘက်ခါဆိုရင်ပဲ စာမေးပွဲကဖြေတော့မှာ။ အဲဒီအချိန်မှာ ငလျင်က ထလှုပ်တာပေါ့။ ငလျင်လှုပ်တော့ စာမေးပွဲဖြေရမယ့်ကလေးတွေအားလုံးကို စာမေးပွဲမဖြေဘဲ အအောင်ပေးလိုက်တယ်လို့မထင်နဲ့ဗျ။ ငလျင်ဒဏ်သင့်ဒေသမှာရှိတဲ့ကလေးတွေအားလုံး ရက်ပြောင်းပြီးတော့ စာမေးပွဲဖြေရတယ်ဗျ။ ဆိုလိုတာက နိုင်ငံတကာမှာလည်း သဘာဝဘေးဒဏ်ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲကိုမဖြေခိုင်းဘဲ အအောင်ပေးလိုက်တာမျိုးမရှိဘူးပေါ့ဗျာ။

**ငြိမ်း။** ခင်ဗျားပြောလို့ အဖြေလွှာတွေမီးလောင်တဲ့အထဲပါသွားတဲ့ ကလေးငယ်တွေအနေနဲ့ တက္ကသိုလ်ဝင်စာမေးပွဲကို ပြန်ဖြေသင့်တယ်ဆိုတဲ့အကြောင်းတော့ သိရပါပြီ။ ဒါပေမဲ့ ကလေးတွေဘက်မှာလည်း အခက်အခဲရှိတယ်ဗျ။ အမြင်သာဆုံးအခက်အခဲကို ပြောရရင် ကျွန်တော့်သားဆိုရင် စာမေးပွဲပြန်ဖြေပါမယ်ဆိုရင်တောင် စာအုပ်တွေမရှိတော့ဘူး။ ပြီးတော့ သိတဲ့အတိုင်းပဲ ကလေးအများစုက စာမေးပွဲပြီးပြီဆိုတာနဲ့ စာတွေကိုခေါင်းထဲက ထုတ်လိုက်ကြတော့တာ။ အခု စာမေးပွဲပြန်ဖြေမယ်ဆိုတော့ စာပြန်သင်ရမယ့်နေရာလည်းမရှိ၊ စာပြန်သင်ပေးမယ့်သူလည်း မရှိနဲ့၊ ခင်ဗျားပြောတဲ့ ကံကြမ္မာရဲ့မျက်နှာသာပေးမှုကို ဘယ်လိုလုပ်ရနိုင်မှာလဲဗျ။

**ထက်။** ဒီအတွက်လည်း မပူပါနဲ့ဗျာ။ ကံကြမ္မာက မျက်နှာသာမပေးဘူးလို့ထင်ရပေမယ့် နိုင်ငံတော်အစိုးရကတော့ မျက်နှာသာပေးပါတယ်ဗျ။ အခု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်တဲ့ အစိုးရအဖွဲ့ဆိုရင် ပညာရေးကိုအဓိကဦးစားပေးတဲ့ အစိုးရအဖွဲ့လို့မြင်မိတယ်ဗျ။ ဒါကြောင့်လည်း တက္ကသိုလ်ဝင်စာမေးပွဲပြန်ဖြေဖို့လိုအပ်တဲ့ ကလေးတွေအတွက် လိုအပ်ချက်တွေကိုဘက်စုံထောင့်စုံကနေ ဖြည့်ဆည်းပေးဖို့အသင့်ရှိပါတယ်ဗျာ။ အရင်ဆုံး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရဲ့လမ်းညွှန်မှုနဲ့အတူ တာဝန်ရှိသူတွေဦးစီးပြီး လေ့ကျင့်သင်ကြားရေးစခန်းတွေကိုဖွင့်ပေးသွားမှာဗျ။ အခု ဧပြီလကုန်ပိုင်းမှာ အဲဒီစခန်းတွေကိုဖွင့်လှစ်ပြီး မေလ ၂ ရက်ကစလို့ ကလေးတွေကိုစာတွေပြန်သင်ပေးသွားမယ်။ စာမေးပွဲပြန်ဖြေရမယ့်ရက်က ဇွန်လ ၁၆ ရက်ဆိုတော့ ကြားထဲမှာ စာကြည့်ချိန်နဲ့ကြိုတင်ပြင်ဆင်ချိန် တစ်လခွဲလောက်ရတယ်ဗျ။ တစ်လခွဲဆိုတာက မကြာသေးခင်ကမှ ဖြေပြီးသွားတဲ့စာမေးပွဲကို နောက်ထပ်တစ်ကြိမ်ပြန်ဖြေဖို့အတွက် ပြန်လှန်လေ့ကျင့်ချိန်လုံလောက်တဲ့ အချိန်အတိုင်းအတာတစ်ခုပေါ့ဗျာ။ ဒီလိုမျိုးစခန်းသွင်းလေ့ကျင့်မှုမှာပါဝင်တဲ့ကလေးတွေအားလုံးအတွက် နိုင်ငံတော်အစိုးရက စရိတ်ငြိမ်းစီစဉ်ပေးထားတယ်ဗျ။ နံနက်စာ၊ နေ့လယ်စာ၊ ညစာ ဘာမှ ပူပင်စရာမရှိအောင် စီစဉ်ပေးထားတယ်။ ပြီးတော့ ကျောင်းသုံးစာအုပ်တွေ၊ ဗလာစာအုပ်တွေ၊ စာရေးကိရိယာတွေကိုလည်း အခမဲ့ထောက်ပံ့ပေးသွားဦးမယ်။ တကယ်လို့ အဲဒီကလေးက လေ့ကျင့်သင်ကြားရေးစခန်းမှာမနေချင်ဘူး၊ အိမ်မှာပဲနေပြီး စခန်းမှာစာလာသင်ချင်တယ်ဆိုရင်လည်း အကြို၊ အပို့အတွက် ကားတွေကိုလည်း အခမဲ့စီစဉ်ပေးသွားဦးမှာဗျာ။ ပြီးရင် လေ့ကျင့်သင်ကြားရေးစခန်းတွေကနေ စာမေးပွဲဖြေရမယ့်နေရာတွေကိုလည်း ကားနဲ့ပဲ အကြို၊ အပို့လုပ်ပေးဦးမှာပါ။ ဒါတွေအားလုံးက ဘယ်လိုကျောင်းသားမျိုးမှ မရနိုင်တဲ့အထူးအခွင့်အရေးကြီးပေါ့ဗျာ။

**ငြိမ်း။** အစီအစဉ်က ကောင်းလှချည်လားဗျ။ ကလေးတွေအတွက်တော့ ဝမ်းသာစရာပါပဲ။ ဒါနဲ့ သူတို့ကို ဘယ်သူတွေက စာလာသင်ပေးမှာလဲဗျ။ စာလာသင်ပေးတဲ့သူတွေအတွက်ရော ဘယ်လိုတွေစီစဉ်ထားလဲ။

**ထက်။** ကလေးတွေကို စာလာသင်ပေးမှာက တက္ကသိုလ်တွေက သက်ဆိုင်ရာဘာသာရပ်သင်မေးခွန်းထုတ်တဲ့ ဆရာ၊ ဆရာမကြီးတွေကိုယ်တိုင်လာသင်ပေးမှာဗျ။ ပြီးရင် ဆင့်ပွားသင်ပေးမယ့် ဆရာ၊ ဆရာမတွေလည်းရှိဦးမှာပါ။ ဒါတင်ပဲလားဆိုတော့၊ မဟုတ်ဘူးဗျ။ ကလေးတွေကို စာကူကျက်ပေးမယ့် အကူဆရာ၊ ဆရာမတွေလည်းပါဦးမှာဗျ။ ကျွန်တော်တို့အခေါ် ဂိုက်ဆရာ၊ ဆရာမတွေပေါ့။ ဘာသာရပ်သင်ဆရာ၊ ဆရာမကြီးတွေ၊ ဆင့်ပွားသင်မယ့် ဆရာ၊ ဆရာမတွေ၊ ဂိုက်ဆရာ၊ ဆရာမတွေကလည်း အဲဒီလေ့ကျင့်သင်ကြားရေးစခန်းမှာပဲ ကလေးတွေနဲ့အတူနေမှာဗျ။ သူတို့အတွက် စားစရိတ်တို့၊ နေ့တွက်စရိတ်တို့ကိုလည်း အစိုးရကပဲ အားလုံးကျခံပေးသွားဦးမှာပါ။ ကဲ ဘာလိုသေးလဲဗျာ။

**ငြိမ်း။** ဘာမှကို မလိုတော့လောက်အောင်ကို ပြီးပြည့်စုံလွန်းလှတဲ့ အစိုးရရဲ့အမြော်အမြင်နဲ့ အကွက်စေ့စေ့စီစဉ်တတ်မှုကြီးကိုတော့ မချီးကျူးဘဲမနေနိုင်ဘူးဗျာ။ ဒီလိုမျိုးသာဆိုရင် ကျွန်တော်တောင်မှ စာမေးပွဲပြန်ဖြေချင်လာပြီဗျာ။

**ထက်။** ဒါပေါ့ဗျာ။ အခုကလေးတွေအားလုံးကို အစိုးရအမိန့်နဲ့ တက္ကသိုလ်ဝင်စာမေးပွဲ အအောင်ပေးလိုက်လည်းရတာပဲ။ ဒါပေမဲ့ အချိန်ကုန်ခံ၊ ငွေကုန်ကြေးကျခံပြီးတော့ ကလေးတွေအတွက်ကို သီးသီးသန့်သန့်စဉ်းစားပေးထားတာဗျ။ ဒီနေရာမှာ အစိုးရရဲ့သဘောထားကိုလည်း မြင်ရသေးတယ်ဗျ။ ဘာလဲဆိုတော့ တစ်ဖက်မှာက ကလေးတွေရဲ့အနာဂတ်အတွက် စည်းမျဉ်းစည်းကမ်းကို ဦးစားပေးပြီး အခြားတစ်ဖက်မှာကျတော့ ငယ်ရာကနေကြီးလာကြတဲ့သူတွေပီပီ ကလေးတွေရဲ့အခက်အခဲကိုရှုမြင်ပြီး စာနာထောက်ထားမှုအပြည့်နဲ့ဆောင်ရွက်ပေးမှုကိုပါ။ ခင်ဗျားရော အစိုးရရဲ့လုပ်ဆောင်ချက်အပေါ် ဘယ်လိုမြင်လဲဗျ။

**ငြိမ်း။** ကျွန်တော့်အမြင်က ဘယ်လိုရှိလဲဆိုတော့ ကျောင်းသားမိဘတစ်ဦးအနေနဲ့ ကြည့်မယ်ဆိုရင် တော်တော်လေးကို ဝမ်းသာမိတယ်ဗျ။ တစ်ဖက်မှာ ငလျင်ဒဏ်သင့်တာနဲ့ တစ်ဖက်မှာကျတော့ ကျွန်တော့်သားလေး တက္ကသိုလ်ဝင်စာမေးပွဲကို ပြန်ဖြေရမလို၊ မဖြေရမလို၊ ဖြေရင်လည်း အရည်အချင်းရှိရှိနဲ့ မအောင်မှာရယ်တွေးပြီး ဝမ်းနည်းနေတဲ့စိတ်တွေက အခုခင်ဗျားနဲ့တွေ့မှပဲ ယူပစ်သလိုပျောက်သွားတော့တာပဲဗျ။ ခင်ဗျားနဲ့တွေ့တာ သိကြားနဲ့တွေ့ရသလိုပါပဲဗျာ။

**ထက်။** နိုး နိုး နိုး။ ဒါတော့မဟုတ်ဘူးဗျ။ ကျွန်တော်နဲ့တွေ့ရတာထက် အခုလိုမျိုး ပြည်သူတွေအတွက် စေတနာအရင်းခံတဲ့ အစိုးရကောင်းမျိုးနဲ့တွေ့ရတာကမှ သိကြားနဲ့တွေ့သလိုဖြစ်တာပါဗျာ။

**ငြိမ်း။** ဟုတ်ပါရဲ့ဗျာ။ ကျွန်တော်ကတော့လေ အခုပြန်ဖြေရမယ့် တက္ကသိုလ်ဝင်စာမေးပွဲကို စာမေးပွဲလို့ မမြင်မိတော့ဘူးဗျ။

**ထက်။** စာမေးပွဲကို စာမေးပွဲလို့မမြင်လို့ ခင်ဗျားက ဘယ်လိုမြင်တာတုန်းဗျ။ ပြောပြပါဦး။

**ငြိမ်း။** တကယ်တော့ ဒီပွဲဟာ "လူရည်ချွန်တို့ပျော်တဲ့ပွဲ... အစိုးရရဲ့စေတနာကိုမြင်ရမယ့်ပွဲ..." လို့သာခေါင်းစဉ်တပ်လိုက်ချင်တော့တယ်ဗျို့။

**ထက်။** ဟုတ်ပါရဲ့ဗျာ။ ခင်ဗျားနဲ့ကျွန်တော် စိတ်ချင်းတစ်ထပ်တည်းကျပါပေတယ်ဗျာ။ ။

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

နေပြည်တော် ဧပြီ ၂၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင်နှင့်ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအားဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ် တစ်နှစ်လျှင် သင်တန်းအပတ်စဉ် (၈)ခု၊ အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၊ ပထမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၂.၅.၂၀၂၅ ရက်မှ ၆.၆.၂၀၂၅ ရက်ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ရန်ကုန်)**
  အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊
  ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃ လမ်း၊ ၂၅ x ၂၆ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊
  စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊
  ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊
  ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊
  ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေးကားလမ်းဘေး၊ ဖျာပုံမြို့၊
  ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ပုသိမ်)**
  အမှတ်-၂ ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း -၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊
  စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ရှောင်)**
  အမှတ်-၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊
  ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှောင်မြို့၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊
  ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး၊
  ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

## ထူးခြားသည့်နေ့အပူချိန်များ

၂၈-၄-၂၀၂၅

| | |
|---|---|
| ချောက် | ၄၅ ဒသမ ၃ ဒီဂရီဆဲလ်စီးယက် |
| တောင်တွင်းကြီး | ၄၃ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၄၂ ဒသမ ၉ ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၄၂ ဒသမ ၈ ဒီဂရီဆဲလ်စီးယက် |
| တံတားဦး | ၄၂ ဒသမ ၇ ဒီဂရီဆဲလ်စီးယက် |
| (လေကြောင်းမိုးလေဝသ) | |
| မင်းဘူး | ၄၂ ဒသမ ၆ ဒီဂရီဆဲလ်စီးယက် |
| ရမည်းသင်း | ၄၂ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် |
| ဆင်ဖြူကျွန်း | ၄၂ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် |
| ဇောင်းတူ | ၄၂ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၄၁ ဒသမ ၈ ဒီဂရီဆဲလ်စီးယက် |
| ကျောက်ဆည် | ၄၁ ဒသမ ၈ ဒီဂရီဆဲလ်စီးယက် |
| (လွန်ကျော်) | |
| ဂန့်ဂေါ | ၄၁ ဒသမ ၈ ဒီဂရီဆဲလ်စီးယက် |

# လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဧပြီ ၂၈

မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် စိတ္တသုခကျောင်းဆရာတော် ဘဒ္ဒန္တက္ကန္ဒကအား အမှူးထား၍ ခုနစ်ရက်သားသမီးတို့၏ ကုသိုလ်ကောင်းမှုအစုစုတို့ဖြင့် သံဃာတော်များအားပင့်ဖိတ်၍ သဘာဝဘေးဒဏ်ကြောင့် ဘဝတစ်ပါးဘုံတစ်ပါးသို့ကူးပြောင်းကွယ်လွန်ပြီးဖြစ်သော ဆွေတော်မျိုးတော်အပေါင်းတို့အား ကုသိုလ်ပြုအမျှပေးဝေပွဲသို့ တက်ရောက်စဉ်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီ၌ နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဉာဏိဿရ အမှူးပြုသော သံဃာတော်များက ငလျင်ဒဏ်ကြောင့် ဘဝနတ်ထံပျံလွန်တော်မူခဲ့ကြသော ရဟန်း၊ သာမဏေ၊ သီလရှင်များနှင့် ကွယ်လွန်သွားကြသောလူပုဂ္ဂိုလ်များအတွက် တစ်လပြည့်ရည်စူးကုသိုလ် အမျှအတန်းပေးဝေပွဲကို ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။





ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့်တာဝန်ရှိသူများက ငလျင်ဘေးကြောင့် စစ်ကိုင်းမြို့ မဟာစည်းခုံကြီးစေတီအတွင်း ငလျင်ဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ငွေများပေးအပ်စဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အမှတ်(၂၀)အခြေခံပညာအထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုရန်အတွက် သင်ခန်းစာများပြန်လည်သင်ကြားလေ့ကျင့်နေသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံအားပေးစကားပြောကြားစဉ်။

ဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တက်ရောက်လာကြသူများက မော်လမြိုင်မြို့၊ မြစေတီရဲကျောင်း ပရိယတ္တိစာသင်တိုက်မှ ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ ဝိနယပါဠိပါရဂူ၊ အဘိဓဇအဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် မော်လမြိုင်မြို့၊ မဟာမြိုင်ပရိယတ္တိစာသင်တိုက်ပဓာနနာယက ပ-သုံးလုံးသာသနာပြုဟိတရေ၊ မဟာမင်္ဂလဓမ္မဇောတိကဓဇဆရာတော် ဘဒ္ဒန္တဝိမလာဘိဝံသက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

၎င်းနောက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီးကိုယ်စား ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို) အတွင်းရေးမှူး-၁ သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးအဖွဲ့ခေါင်းဆောင် မင်္ဂလဓမ္မဇောတိကဓဇ ဦးမြတ်မင်းမှ ဝမ်းမြောက်ကြောင်းစကား လျှောက်တင်ပြီး နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဉာဏိဿရထံမှ သံဝေဂတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြသည်။

ဆက်လက်ပြီး ဆရာတော်၊ သံဃာတော်၊ အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ရတနသုတ်၊ မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီ၊ ဥမင်သုံးဆယ်စေတီ၊ ဥမင်ကိုးဆယ်စေတီ၊ သောတပန်ရပ်ကွက်ရှိ လေးကျွန်းမာရ်အောင်မြတ်စွာဘုရား၊ နန်းဦးမြို့သစ်ရှိ မဟာလှစေတီနှင့် မရှိခဏစေတီများတွင် အပျက်အစီးများဖယ်ရှားရှင်းလင်းနေမှုများအား သွားရောက်ကြည့်ရှုကြသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ငလျင်ဘေးကြောင့် စစ်ကိုင်းမြို့နယ်အတွင်းရှိ သေဆုံးသူများ၏ မိသားစုများအား ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက်ရှိ နှစ် ၇၀၀ ပြည့်အားကစားခန်းမတွင် ကျင်းပပြုလုပ်ရာ အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လူမှုရေးရာဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ခရိုင်/မြို့နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် ငလျင်ဘေးကြောင့် သေဆုံးသွားသောမိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများမှ ငလျင်ဘေးကြောင့် သေဆုံးသူများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ခန့် ငြိမ်သက်ပေးကြသည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံက ငလျင်ဘေးကြောင့် သေဆုံးသူများ၏မိသားစုဝင်များအား အားပေးစကားပြောကြားပြီး တာဝန်ရှိသူတစ်ဦးက ငလျင်ဘေးကြောင့် သေဆုံးသူများ၏ မိသားစုဝင်များအား ထောက်ပံ့ငွေပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥက္ကဋ္ဌထံသို့ ထောက်ပံ့ငွေကျပ်သိန်းပေါင်း ၅၄၆၀ ကျပ်(၅၄၆ ဦး x ၁၀) လွှဲပြောင်းပေးအပ်ခဲ့ပြီး အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းခဲ့သည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် ငလျင်ဘေးကြောင့်သေဆုံးသွားသော မိသားစုဝင်များအား တစ်ဦးချင်းထောက်ပံ့ပေးနေမှုအား ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် ပါရမီရပ်ကွက်ရှိ မဟာစည်းခုံကြီးစေတီအတွင်း ငလျင်ဒဏ်သင့်ပြည်သူများအတွက် စောင့်ရှောက်ရေးစခန်းတွင် ထောက်ပံ့ပစ္စည်းများပေးဝေနေမှုကို ကြည့်ရှုအားပေးကြသည်။ ၎င်းနောက် ပန်းပဲတန်းရပ်ကွက်နှင့် မင်းလမ်းရပ်ကွက်ရှိ လူနေအဆောက်အဦများ ဖယ်ရှားရှင်းလင်းနေမှုကိုကြည့်ရှုအားပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်တို့သည် တာဝန်ရှိသူများလိုက်ပါလျက် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးမိုးလုံလေလုံအားကစားခန်းမ၌ကျင်းပပြုလုပ်သည့်ငလျင်ဘေးအန္တရာယ်ကြောင့် တိုင်းဒေသကြီးအတွင်း သေဆုံးသူများ၏ မိသားစုဝင်များအား ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် လတ်တလော စားသောက်ရေးအဆင်ပြေစေရန် (၁)လစာ ဆန်၊ ဆီ၊ စား၊ ပဲ၊ ငါးပိ ထောက်ပံ့ငွေပေးအပ်ပွဲသို့ တက်ရောက်၍ အခမ်းအနားမစတင်မီ အသက်ဆုံးရှုံးခဲ့မှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်၍ ဦးညွှတ်ဂါရဝပြုခဲ့ကြသည်။ ထို့နောက် အခမ်းအနားသို့တက်ရောက်လာသော သေဆုံးသူများ၏မိသားစုဝင်များအား စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ အသီးသီးပေးအပ်ခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ ၁၀ သိန်းကျပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၅ သိန်းကျပ်နှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၃ သိန်းကျပ်နှုန်းဖြင့် စုစုပေါင်း သေဆုံးသူတစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၁၈ သိန်းကျပ်နှုန်းဖြင့် သေဆုံးသူ (၂၁၅၂)ဦးအတွက် (၃၈၇၃၆၀၀၀၀၀) ကျပ်နှင့် နိုင်ငံတော်မှ မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဘေးသင့်သူ (၁၃၇၀၈၁) ဦးတို့အတွက် လတ်တလောစားသောက်ရေးအဆင်ပြေစေရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိ တစ်လစာ အတွက်ထောက်ပံ့ငွေ (၇၂၅၉၉၇၉၀၀၀)ကျပ်အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ စိတ္တသုခကျောင်း၌ စိတ္တသုခကျောင်းဆရာတော် ဘဒ္ဒန္တက္ကန္ဒကအားအမှူးထား၍ ၇ ရက်သားသမီးတို့၏ ကုသိုလ်ကောင်းမှုအစုစုတို့ဖြင့် သံဃာတော်များအားပင့်ဖိတ်၍ ကျင်းပပြုလုပ်အပ်သော ငလျင်ဘေးဒဏ်ကြောင့် ဘဝတစ်ပါးဘုံတစ်ပါးသို့ စာမျက်နှာ ၆ သို့●

● စာမျက်နှာ ၅ မှအဆက်

ကူးပြောင်းကွယ်လွန်ပြီးဖြစ်သော ဆွေတော်မျိုးတော်အပေါင်းတို့အားဖြစ်လေရာဘုံဌာနတို့၌ ကောင်းကျိုးချမ်းသာကျက်သရေမင်္ဂလာအဖြာဖြာတို့ ရရှိခံစားနိုင်ရန် စိတ်ရည်သန်၍ မတကဘတ္တကုသိုလ်ပြုအမျှပေးဝေပွဲသို့တက်ရောက်၍ အလှူရှင်များနှင့်အတူ ကြွရောက်လာသော ဆရာတော်ကြီးများထံမှ ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းကြသည်။ ၎င်းနောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ၍ ၇ ရက်သားသမီးအပေါင်းတို့အား အမျှအတန်းပေးဝေခြင်းနှင့် အနုမောဒနာတရားနာယူကြည်ညိုကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပစစ်ဆေးရာတွင် ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများအားကြည့်ရှုစစ်ဆေးပြီး တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရန်အတွက် သင်ခန်းစာများပြန်လည်သင်ကြားလေ့ကျင့်နေသည့် ကျောင်းသား/ကျောင်းသူများနှင့် ဆရာ/ဆရာမများအား တွေ့ဆုံအားပေးစကားပြောကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၎င်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့်အဖွဲ့သည် မန္တလေးမြို့ နန်းမြို့ရိုးသို့ရောက်ရှိပြီး ကျုံးပတ်လည်တွင် အပျက်အစီးများ ဖယ်ရှားရှင်းလင်းပြီးစီးမှုများကိုလည်းကောင်း၊ ကျုံး၏အရှေ့ဘက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် စဉ့်ကိုင်မြို့နယ် တောင်ရင်းကျေးရွာအုပ်စု တောင်ရင်းကျေးရွာရှိ POWERGEN KYAUKSE သဘာဝဓာတ်ငွေ့အင်ဂျင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့်ထိခိုက်ခဲ့သည့်စက်ပစ္စည်းများ ပြန်လည်ပြုပြင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

ရတနာပုံဥယျာဉ်ပြန်လည်ပြုပြင်ထိန်းသိမ်းနေမှုအခြေအနေများကိုလည်းကောင်း၊ ကျုံး၏တောင်ဘက်ရှိ ကျွန်းလုံးယူတံခါးပြိုကျပျက်စီးမှုများကိုဖယ်ရှားရှင်းလင်းနေပြီး ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပျက်စီးဆုံးရှုံးမှုမရှိအောင်ထိန်းသိမ်းဆောင်ရွက်နေမှုအခြေအနေများအားလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းခွင်တွင် အန္တရာယ်မရှိစေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန်၊ ရှေးဟောင်းလက်ရာများပါရှိသည့်အတွက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်အခါ မူလပုံစံအတိုင်း ရှေးမူလက်ရာမပျက် တည်ဆောက်ရမည်ဖြစ်ပြီး ပြန်လည်သုံးစွဲ၍ရသည့် ရှေးဟောင်းလက်ရာပစ္စည်းများအား ထည့်သွင်းသုံးစွဲရမည်ဖြစ်သည့်အတွက် ပျက်စီးသွားသောအဆောက်အဦများမှ ဆယ်တင်နိုင်သည့် ပစ္စည်းများအား ဆယ်တင်၍ စနစ်တကျစာရင်းပြုစုထိန်းသိမ်းထားရှိရန်၊ အပျက်အစီးများအား စနစ်တကျစွန့်ပစ်သွားရန် မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်အမှတ်(၂၀) အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှု၊ တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ကျင်းပရာတွင် ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသူ၊ ကျောင်းသားများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် ပြင်ဆင်ဆောင်ရွက်နေမှုများအား ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် အမရပူရမြို့နယ်ရှိ တောင်မင်းကြီးမြတ်စွာဘုရား၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ မာနိတာရာမပရိယတ္တိစာသင်တိုက်နေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသည်များကိုလည်းကောင်း၊ ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှုအခြေအနေများအားလည်းကောင်း၊ ဘုရားစေတီပုထိုးများတွင် ရှေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများအားလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး ကျောင်းထိုင်ဆရာတော်ကြီးများအား အလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သန့်ရှင်းရေးဆောင်ရွက်နေသည့်အဖွဲ့များကို စားသောက်ဖွယ်ရာများ ပေးအပ်ကာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် တာဝန်ရှိသူများအား မှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်သည် ကျောက်ဆည်မြို့၊ စက်မှုဝန်ကြီးဌာန၊ ကျောက်ဆည်စက်ရုံများနယ်မြေရှိ REVA ကုမ္ပဏီမှ ငှားရမ်းဆောင်ရွက်သည့် ဖိနပ်စက်ရုံ၊ Keys Shine ကုမ္ပဏီမှ ငှားရမ်းဆောင်ရွက်သည့် အထည်ချုပ်စက်ရုံနှင့် စဉ့်ကိုင်မြို့နယ်၊ ဈေးတန်းကျေးရွာမှ တမာပိုးသတ်ဆေးစက်ရုံများသို့ သွားရောက်၍ ငလျင်လှုပ်ခတ်မှုကြောင့် လျှပ်စစ်ဓာတ်အားလိုင်းများ ပြတ်တောက်ခြင်း၊ အဆောက်အဦများပျက်စီးခြင်းတို့ဖြစ်ပေါ်ခဲ့၍ လုပ်ငန်းများ ရပ်တန့်ခဲ့ရာမှ ယခုအခါ ပြုပြင်ပြီး လုပ်ငန်းများ ပြန်လည်လည်ပတ်နေမှုများအား သွားရောက်စစ်ဆေးခဲ့ပြီး ပြည်ပဝင်ငွေတိုးမြှင့်ရရှိရေး၊ ဝန်ထမ်းများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးတို့အတွက် ထုတ်ကုန်တိုးမြှင့်ထုတ်လုပ်နိုင်ရေးဆောင်ရွက်သွားရန်နှင့် တာဝန်ရှိသူများမှ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။


၎င်းနောက် စဉ့်ကိုင်မြို့နယ်၊ ရှမ်းကန်ကျေးရွာအုပ်စု၊ ရှမ်းကန်(မ)ကျေးရွာရှိ M-Steel သံရည်ကျိုစက်ရုံသို့သွားရောက်၍ ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စက်ရုံများပြုပြင်ပြီး ပြန်လည် လည်ပတ်၍ XRB 400 သံချောင်းများထုတ်လုပ်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ငလျင်ဒဏ်သင့်ဒေသများအား ဦးစားပေးရောင်းချပေးနိုင်ရန်နှင့် တာဝန်ရှိသူများမှ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

၎င်းနောက် စဉ့်ကိုင်မြို့နယ်၊ တောင်ရင်းကျေးရွာအုပ်စု၊ တောင်ရင်းကျေးရွာရှိ POWERGEN KYAUKSE သဘာဝဓာတ်ငွေ့အင်ဂျင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ သွားရောက်၍ ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ခဲ့သည့်စက်ပစ္စည်းများ ပြန်လည်ပြုပြင်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ အင်ဂျင်အမှတ် (၁) နှင့်အမှတ်(၂)မူလနေရာသို့ ပြန်လည်ရွှေ့ပြောင်းပြီးစီးမှုအခြေအနေများ၊ အင်ဂျင်အမှတ်(၃)နှင့်(၄)မူလနေရာသို့ ပြောင်းရွှေ့နေသည့်အခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး စက်များအားလုံးပြုပြင်ပြီးပါက (၁)ရက်လျှင် ယူနစ်သန်းပေါင်း ၃ ဒသမ ၅ သန်း နိုင်ငံတော်သို့ ပေးသွင်းနိုင်မည်ဖြစ်သဖြင့် မေလအလယ်တွင် စတင်လည်ပတ်နိုင်ရေး ရည်မှန်းချက်ထားဆောင်ရွက်သွားရန်နှင့် တာဝန်ရှိသူများမှတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

○ ကျောဖုံးမှအဆက်

လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများတွေ့ဆုံမှုကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့် လည်းကောင်း ယနေ့ညနေမှမေလ ၄ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင်နေရာစိပ်စိပ်မှနေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မြေပြိုခြင်း စသည့်




မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)




| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၉˚c | / | ၄၀˚c |
| ရန်ကုန် | ၂၆˚c | / | ၃၈˚c |
| မန္တလေး | ၂၉˚c | / | ၄၂˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# နိုင်ငံတကာမှကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများနှင့် ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ



အိန္ဒိယ၊ ဗီယက်နမ်၊ တရုတ်(ကူမင်း၊ နန်နင်း)နှင့် ဘရူနိုင်းနိုင်ငံတို့မှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများ၊ ဆေးဝါးများအား ငလျင်ဘေးသင့်ပြည်သူများအတွက် ဖြန့်ဝေပေးအပ်စဉ်။



မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ငလျင်ဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာမှလှူဒါန်းသည့် မိုးကာတဲများအား စီစဉ်ဆောင်ရွက်ထားရှိမှုကို တွေ့ရစဉ်။

နေပြည်တော် ဧပြီ ၂၈

မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရာ ဘေးသင့်ခဲ့သော ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်၊ အလှူရှင်များ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများ၊ဆေးဝါးများ လှူဒါန်းထောက်ပံ့မှုနှင့် မတ်လ ၃၀ ရက်မှ ဧပြီလ ၂၀ ရက်အထိ ဘေးသင့်ဒေသများသို့ ဖြန့်ခွဲထောက်ပံ့ဆောင်ရွက်မှုများကို သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ယခုအခါ ဧပြီလ ၂၁ ရက်မှ ၂၇ ရက်အထိ ရက်သတ္တတစ်ပတ်အတွင်း အိန္ဒိယနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ တရုတ်နိုင်ငံ ကူမင်းမြို့နှင့် နန်နင်းမြို့၊ ဘရူနိုင်းနိုင်ငံနှင့် AHA Centre တို့မှ ထပ်မံပေးပို့လှူဒါန်းလာသော မိုးကာစ၊ Hygiene Kit၊ တစ်ကိုယ်ရေကျန်းမာရေးသုံးပစ္စည်းစုံ၊ မီးဖိုချောင်သုံးပစ္စည်းစုံ၊ Kitchen Set၊ စားသောက်ကုန်၊ လူသုံးကုန်၊ ဆေးနှင့်ဆေးပစ္စည်းများ အနက် ဆေးနှင့်ဆေးပစ္စည်းများကိုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကော်မတီ (ကျန်းမာရေးဝန်ကြီးဌာန)သို့ လွှဲပြောင်းပေးခဲ့ပြီး ကျန်ပစ္စည်းများကို နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့သို့ ဘေးသင့်လူဦးရေအချိုးဖြင့် ဖြန့်ခွဲပေးပို့ခဲ့ပြီးဖြစ်သည်။

အထက်ဖော်ပြပါ ရက်သတ္တတစ်ပတ်အတွင်း လက်ခံရရှိသောလှူဒါန်းပစ္စည်းများ ခွဲဝေထောက်ပံ့မှုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိဘေးသင့်ပြည်သူများနှင့်ဝန်ထမ်းမိသားစုများကို နေပြည်တော်ကောင်စီနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့၏ အစီအစဉ်ဖြင့်လည်းကောင်း၊ ရန်ကုန်နှင့်နေပြည်တော်တို့မှတစ်ဆင့် မန္တလေးတိုင်းဒေသကြီးသို့ မော်တော်ယာဉ်လေးစီးဖြင့် ပေးပို့ခဲ့သည့် လှူဒါန်းပစ္စည်းများကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏အစီအစဉ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးသို့ မော်တော်ယာဉ်လေးစီးဖြင့် ပေးပို့ထားသော လှူဒါန်းပစ္စည်းများကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏အစီအစဉ်ဖြင့်လည်းကောင်း ခွဲဝေထောက်ပံ့ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

ငလျင်လှုပ်ခတ်ခဲ့သည့် မတ်လ ၂၈ ရက်မှ ယနေ့အထိ လှူဒါန်းပစ္စည်းများ ဖြန့်ခွဲပေးပို့မှုစုစုပေါင်းမှာ မန္တလေးတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၅၆ စီး၊ စစ်ကိုင်းတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၂၈ စီး၊ ရှမ်းပြည်နယ်တောင်ပိုင်းသို့မော်တော်ယာဉ် ခုနစ်စီးဖြစ်သည်။

နိုင်ငံတကာအလှူရှင်များမှ ဧပြီလ ၂၁ ရက်မှ ၂၇ ရက်အထိ ရက်သတ္တတစ်ပတ်အတွင်း ပေးပို့လှူဒါန်းသည့် ပစ္စည်းများကို ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ဘေးသင့်ပြည်သူများအတွက် ဖြန့်ခွဲပေးပို့ထားမှုကို ပူးတွဲပါဇယားများဖြင့် ဖော်ပြအပ်သည်။ ထပ်မံလှူဒါန်းလာသည့် ပစ္စည်းများရောက်ရှိလာမှုနှင့် ငလျင်ဘေးသင့်ပြည်သူများထံ အမြန်ဆုံးရောက်ရှိဖြန့်ခွဲမှုတို့ကို တစ်ပတ်လျှင်တစ်ကြိမ် ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။ **(သတင်းစဉ်)**

## ဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာမှပေးပို့ထောက်ပံ့သည့် လှူဒါန်းပစ္စည်းမျိုးစုံ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုစာရင်းချုပ်

(၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၇-၄-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲ အရွယ်အစားမျိုးစုံ | လုံး | **၁၄၁၈၁** | ၂၇၉၅ | ၈၀၁ | ၁၇၃၉ | ၁၀၀ | ၄၄၄၃ | **၄၃၀၃** | |
| ၂ | တာပေါ်လင်/ မိုးကာစ မျိုးစုံ | လိပ် | **၄၂၅** | ၁၀ | ၄၁၅ | - | - | - | - | |
| | | အိတ် | **၄** | - | ၄ | - | - | - | - | |
| | | ထုပ် | **၂၀၀၁** | ၄ | ၂၅ | ၁၄၉၇ | - | ၃၁၈ | **၁၅၇** | |
| | | ဖာ | **၁၈၉** | ၁၈၉ | - | - | - | - | - | |
| | | ချပ် | **၂၃၉၀** | - | ၁၅၆ | ၁၂ | | ၆၁၈ | **၁၆၀၄** | |
| ၃ | Hygiene Kit | ခု | **၃၀၁၇** | ၁၀၀၀ | ၁၄၀၀ | ၆၁၇ | - | - | - | |
| | | ဖာ | **၄၃၈၆** | ၁၅၄၂ | ၂၀၇၈ | ၁၁၈ | ၆၄၈ | - | - | |
| ၄ | Kitchen Set | စုံ | **၃၆၂၄** | ၉၇၄ | ၁၅၂၀ | ၉၈၉ | ၁၄၁ | - | - | |
| | | ဖာ | **၆၁၈** | ၂၀၂ | ၃၉၁ | ၁၃ | ၁၂ | - | - | |
| ၅ | မီးစက် | လုံး | **၁၅၆** | ၃၄ | ၉၇ | ၂၃ | ၂ | | - | |
| ၆ | ရေသန့်စက် | လုံး | **၁၀၀၃** | - | ၁၀၀၃ | - | - | - | - | |
| ၇ | Sleeping Bags | ထုပ် | **၄၀၀** | ၁၄၈ | ၂၂၄ | ၁၂ | ၁၆ | - | - | |
| | | ခု | **၁၄၄** | ၆၂ | ၇၄ | ၃ | ၅ | - | - | |
| | | ဖာ | **၁၃၇** | ၇၀ | ၅၈ | ၄ | ၅ | - | - | |
| ၈ | စားသောက်ကုန်ပစ္စည်းမျိုးစုံ | မျိုး | **၇၆** | ၁၈ | ၃၈ | ၁၈ | ၂ | - | - | |
| | | ဖာ | **၁၂၉၉၆** | ၇၀၁၁ | ၄၇၆၀ | ၁၁၀၃ | ၁၂၂ | - | - | |
| | | အိတ် | **၂၅၀** | ၉၂ | ၁၄၀ | ၈ | ၁၀ | - | - | |
| | | ကတ် | **၁၀၀** | ၁၀၀ | - | - | - | - | - | |
| ၉ | လူသုံးကုန်ပစ္စည်းမျိုးစုံ | မျိုး | **၆၁** | ၁၈ | ၃၀ | ၆ | ၆ | - | ၁ | |
| | | ဖာ | **၃၅၅၄** | ၆၃၉ | ၁၉၃၆ | ၉၁၇ | ၆၂ | - | - | |
| | | ထုပ် | **၁၄၅၁** | ၅၃၇ | ၈၁၂ | ၅၈ | ၄၄ | - | - | |
| | | ခု | **၂၂၀** | ၈၁ | ၁၂၃ | ၉ | ၇ | - | - | |
| ၁၀ | အိမ်သုံးပစ္စည်းများ | မျိုး | **၃၆** | ၃ | ၂၁ | ၁၁ | ၁ | - | - | |
| | | ဖာ | **၉** | ၃ | ၄ | ၂ | - | - | - | |
| | | စုံ | **၂၀၀၀** | ၂၀၀၀ | - | - | - | - | - | |
| ၁၁ | လျှပ်စစ်ပစ္စည်းမျိုးစုံ | မျိုး | **၂** | - | ၂ | - | - | - | - | |
| | | ဖာ | **၃၁၀** | ၁၂၂ | ၁၆၈ | ၁၂ | ၈ | - | - | |
| ၁၂ | ဆေးနှင့်ဆေးပစ္စည်းမျိုးစုံ | မျိုး | **၆၄၈** | - | ၈ | - | ၂ | ၆၃၈ | - | |
| | | အိတ် | **၁၅၀၂၀** | ၄၉၉၅ | ၉၀၆၀ | ၅၄၀ | ၄၀၅ | ၂၀ | - | |
| | | ဖာ | **၁၅၈၁** | ၂၆ | - | - | - | ၁၅၅၅ | - | |
| ၁၃ | ခွဲစိတ်ခန်းသုံးပစ္စည်း | မျိုး | **၁၁၆** | - | - | - | - | ၁၁၆ | - | |

## ဘရူနိုင်းနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့်ဖြန့်ဝေပြီးစီးမှု

(၂၁-၄-၂၀၂၅ ရက်နေ့မှ ၂၇-၄-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | Hygiene Kit | ဖာ | **၁၆၃၀** | ၄၁၅ | ၆၃၀ | ၄၀ | ၅၄၅ | - | - | |
| ၂ | လူသုံးကုန်ပစ္စည်းမျိုးစုံ | မျိုး | **၃** | ၁ | ၁ | - | ၁ | - | - | |

စာမျက်နှာ ၈ သို့ ➲

➲ စာမျက်နှာ ၇ မှအဆက်

## အိန္ဒိယနိုင်ငံမှ လှူဒါန်းပစ္စည်းများလက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှု

(၂၁-၄-၂၀၂၅ ရက်နေ့မှ ၂၇-၄-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | ဝန်ကြီးဌာန/အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | | | |
| ၁ | မိုးကာတဲ အရွယ်အစားမျိုးစုံ | လုံး | **၁၀၀** | - | ၁၀၀ | - | - | - | အိန္ဒိယနိုင်ငံ၏ လှူဒါန်းပစ္စည်းများသည် မန္တလေး (တံတားဦး) လေဆိပ်သို့ တိုက်ရိုက်ရောက်ရှိပါသည်။ |
| ၂ | တာပေါ်လင်မျိုးစုံ | ဖာ | **၁၈၉** | ၁၈၉ | - | - | - | - | |
| | | အိတ် | **၄** | - | ၄ | - | - | - | |
| ၃ | ရေသန့်စက် | လုံး | **၁၀၀၃** | - | ၁၀၀၃ | - | - | - | |
| ၄ | မီးစက် | လုံး | **၅** | - | ၅ | - | - | - | |
| ၅ | Hygiene Kit | ဖာ | **၁၇၀** | ၁၇၀ | - | - | - | - | |
| ၆ | Kitchen Set | ဖာ | **၇၀** | ၇၀ | - | - | - | - | |
| ၇ | Sleeping Bags | ဖာ | **၃၂** | ၃၂ | - | - | - | - | |
| ၈ | စားသောက်ကုန်ပစ္စည်းမျိုးစုံ | ဖာ | **၂၀၈** | ၂၀၈ | - | - | - | - | |
| | | မျိုး | **၄၆** | ၁ | ၃၀ | ၁၅ | - | - | |
| ၉ | လူသုံးကုန်ပစ္စည်းမျိုးစုံ | ဖာ | **၅၁** | ၅၁ | - | - | - | - | |
| | | မျိုး | **၅** | ၁ | ၃ | ၁ | - | - | |
| ၁၀ | အိမ်သုံးပစ္စည်းများ | မျိုး | **၂၆** | - | ၁၆ | ၁၀ | - | - | |
| ၁၁ | လျှပ်စစ်ပစ္စည်းမျိုးစုံ | ဖာ | **၁၆** | ၁၆ | - | - | - | - | |
| ၁၂ | ဆေးနှင့်ဆေးပစ္စည်းမျိုးစုံ | ဖာ | **၁၂၆** | ၂၆ | - | - | ၁၀၀ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |
| | | မျိုး | **၁၂၆** | - | ၇ | - | ၁၁၉ | - | |
| ၁၃ | ခွဲစိတ်ခန်းသုံးပစ္စည်း | မျိုး | **၁၁၆** | - | - | - | ၁၁၆ | - | |

## ဗီယက်နမ်နိုင်ငံမှ လှူဒါန်းပစ္စည်းများလက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှု

(၂၁-၄-၂၀၂၅ ရက်နေ့မှ ၂၇-၄-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲ အရွယ်အစားမျိုးစုံ | လုံး | **၃၀၈၃** | - | ၅၀ | - | - | ၁၈၈ | **၂၈၄၅** | လိုအပ်ချက်အပေါ်မူတည်၍ ဆက်လက်ဖြန့်ခွဲထောက်ပံ့ပါမည်။ |
| ၂ | တာပေါ်လင်/မိုးကာစမျိုးစုံ | ထုပ် | **၂၃၅** | - | - | - | - | ၁၁၈ | **၁၁၇** | |
| ၃ | Sleeping Bags | ခု | **၃၀** | ၃၀ | - | - | - | - | - | |
| ၄ | စားသောက်ကုန်မျိုးစုံ | ဖာ | **၇၃၇၈** | ၅၉၁၆ | ၁၂၉၉ | ၉၃ | ၇၀ | - | - | |
| | | မျိုး | **၃** | - | ၁ | ၁ | ၁ | - | - | |
| ၅ | လူသုံးကုန်ပစ္စည်းမျိုးစုံ | မျိုး | **၁** | - | ၁ | - | - | - | - | |
| ၆ | ဆေးနှင့်ဆေးပစ္စည်းမျိုးစုံ | ဖာ | **၈၀** | - | - | - | - | ၈၀ | - | ကျန်းမာရေးဝန်ကြီးဌာနသို့လွှဲပြောင်းပါသည်။ |

## တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းပစ္စည်းများလက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှု

(၂၁-၄-၂၀၂၅ ရက်နေ့မှ ၂၇-၄-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲ အရွယ်အစားမျိုးစုံ | လုံး | **၇၈၁၅** | ၂၅၉၀ | ၂၀၀ | ၉၇၇ | ၅၀ | ၂၈၃၀ | **၁၁၆၈** | လိုအပ်ချက်အပေါ်မူတည်၍ ဆက်လက်ဖြန့်ခွဲထောက်ပံ့ပါမည်။ |
| ၂ | Sleeping Bags | ထုပ် | **၄၀၀** | ၁၄၈ | ၂၂၄ | ၁၂ | ၁၆ | - | - | |
| | | ဖာ | **၁၀၅** | ၃၈ | ၅၈ | ၄ | ၅ | - | - | |
| | | ခု | **၈၄** | ၃၁ | ၄၇ | ၂ | ၄ | - | - | |
| ၃ | စားသောက်ကုန်ပစ္စည်းမျိုးစုံ | မျိုး | **၈** | ၆ | ၂ | - | - | - | - | |
| | | ဖာ | **၃၃၇** | ၃၃၇ | - | - | - | - | - | |
| ၄ | လူသုံးကုန်ပစ္စည်းမျိုးစုံ | မျိုး | **၂၉** | ၁၀ | ၁၃ | ၄ | ၂ | - | - | |
| | | ထုပ် | **၁၁၅၂** | ၄၂၆ | ၆၄၅ | ၄၆ | ၃၅ | - | - | |
| | | ဖာ | **၁၄၁၅** | ၅၂၃ | ၇၉၂ | ၄၃ | ၅၇ | | - | |
| | | ခု | **၂၂၀** | ၈၁ | ၁၂၃ | ၉ | ၇ | - | - | |
| ၅ | ဆေးနှင့်ဆေးပစ္စည်းမျိုးစုံ | မျိုး | **၅၂၀** | - | - | - | ၂ | ၅၁၈ | - | ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပါသည်။ |
| | | အိတ် | **၁၅၀၂၀** | ၄၉၉၅ | ၉၀၆၀ | ၅၄၀ | ၄၀၅ | ၂၀ | - | |

## AHA Centre လှူဒါန်းပစ္စည်းများလက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှု

(၂၁-၄-၂၀၂၅ ရက်နေ့မှ ၂၇-၄-၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲ အရွယ်အစားမျိုးစုံ | လုံး | **၄၅၀** | - | - | - | - | ၄၅၀ | - | |
| ၂ | တာပေါ်လင်/မိုးကာစမျိုးစုံ | ချပ် | **၂၃၉၀** | - | ၁၅၆ | ၁၂ | - | ၆၁၈ | **၁၆၀၄** | လိုအပ်ချက်အပေါ်မူတည်၍ ဆက်လက်ဖြန့်ခွဲထောက်ပံ့ပါမည်။ |
| | | ထုပ် | **၂၅၀** | ၄ | ၅ | ၁ | - | ၂၀၀ | **၄၀** | |
| ၃ | Hygiene Kit | ခု | **၃၀၁၇** | ၁၀၀၀ | ၁၄၀၀ | ၆၁၇ | - | - | - | |
| | | ဖာ | **၂၅၈၆** | ၉၅၇ | ၁၄၄၈ | ၇၈ | ၁၀၃ | - | - | |
| ၄ | Kitchen Set | စုံ | **၃၆၂၄** | ၉၇၄ | ၁၅၂၀ | ၉၈၉ | ၁၄၁ | - | - | |
| ၅ | လူသုံးကုန်ပစ္စည်းမျိုးစုံ | ဖာ | **၁၇၅** | ၆၅ | ၉၈ | ၇ | ၅ | - | - | |

# ပဲယဉ်းနီစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် ဈေးကွက်ရရှိရေးဆိုင်ရာ လိုအပ်ချက်များ

ပဲယဉ်းနီ (Pigeon Pea၊ သိပ္ပံအမည် – Cajanus cajan) သည် ပရိုတင်းဓာတ်ကြွယ်ဝသော ပဲမျိုးဖြစ်ပြီး အာဖရိက၊ အာရှနှင့် ကာရစ်ဘီယံဒေသများတွင် အဓိကစိုက်ပျိုးသည်။ မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းဒေသများဖြစ်သည့် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အဓိကစိုက်ပျိုးလေ့ရှိသည်။ ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင်လည်း ဒေသအလိုက် စိုက်ပျိုးကြသည်။ စားနပ်ရိက္ခာနှင့် စီးပွားဖြစ်ထုတ်လုပ်မှုအတွက် အရေးပါသည်။

၂၀၂၄ – ၂၀၂၅ ခုနှစ် ရာဂိမုန်တိုင်းကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ရေကြီးနစ်မြုပ်ဖြစ်ပေါ်ပြီး သဲဖုံးနုန်းဖုံးဧရိယာများဖြစ်ပေါ်ခဲ့သည့် ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းကျေးရွာ၌ စမ်းသပ်စိုက်ပျိုးထားရှိသည့် ပဲယဉ်းနီသီးနှံအပင်ဖြစ်ထွန်းနေမှုကို တောင်သူများနှင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များအား ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခဲ့ပြီး ယင်းဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ ပဲယဉ်းနီသီးနှံအား မြန်မာနိုင်ငံအတွင်း မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် နေပြည်တော်တို့တွင် တွန်းအားပေးစိုက်ပျိုးသင့်ပြီး ပြည်တွင်းပြည်ပဈေးကွက်ရရှိအောင် စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ရည်ရွယ်၍ ဤဆောင်းပါးအားရေးသားရခြင်းဖြစ်သည်။

**စိုက်ပျိုးရန်သင့်လျော်သောရာသီဥတုနှင့်မြေ ရာသီဥတု**

ပူပြင်းခြောက်သွေ့သော ရာသီဥတုကိုနှစ်သက်ပြီး သဲဆန်သောမြေနှင့် ရေစီးရေလာကောင်းသော မြေတို့တွင်ဖြစ်ထွန်းသည်။ ပူနွေးခြောက်သွေ့သော ရာသီဥတု (အပူချိန် ၂၀–၃၀ ဒီဂရီစင်တီဂရိတ်)။ မိုးရေချိန် ၆၀–၁၀၀ စင်တီမီတာအထိ ခံနိုင်ရည်ရှိသည်။ မိုးနည်းဒေသများတွင် ရေသွင်းစိုက်ပျိုးလေ့ရှိသည်။

**မြေအမျိုးအစား** ရေမဝပ်သော နုန်းသဲစေး သို့မဟုတ် သဲဆန်သောမြေ (မြေအချဉ်ငန်ဓာတ် pH 5.0–7.0)။

**မျိုးစေ့ရွေးချယ်ခြင်း၊ အရည်အသွေးမြင့်မျိုးများ** ဒေသအလိုက် ရာသီဥတုဒဏ်၊ ရောဂါဒဏ်ခံနိုင်သောမျိုးများ ဂျပန်ပဲယဉ်းနီကိုရွေးချယ်ပါ။

**မျိုးစေ့ပြင်ဆင်ခြင်း** စိုက်မည့်မျိုးစေ့ကို မှိုသတ်ဆေးဖြင့်လူးနယ်၍ ရောဂါကင်းအောင်ပြုလုပ်ပါ။

**မြေပြင်ဆင်ခြင်း၊ မြေညှိခြင်း** စိုက်ခင်းမြေကို ကောင်းစွာမွှေပေးပြီး သစ်ရွက်ဟောင်းများ၊ မြေဆွေးများထည့်သွင်းကာ သဘာဝဓာတ်မြေဩဇာမြှင့်တင်ပါ။

**ရေထုတ်စနစ်** ရေဝပ်မှုမရှိစေရန် စိုက်ကြောင်းများကို မြင့်မားအောင်ပြုလုပ်ပါ။

**စိုက်ပျိုးနည်းစနစ်၊ စိုက်ချိန်** မိုးဦးကျ (မေပြီ–ဇွန်) စိုက်ပျိုးရန်သင့်လျော်သည်။ မိုးလယ် (ဇွန်–ဇူလိုင်) နှင့် ဆောင်းရာသီ (အောက်တိုဘာ–နိုဝင်ဘာ) တို့တွင် စိုက်ပျိုးကြသည်။

**မျိုးစေ့နှုန်း** အတန်းလိုက်စိုက်မည်ဆိုပါက ၁ ဧကလျှင် ၃ ပြည်မှ ၄ ပြည်နှုန်းသုံးစွဲနိုင်ပြီး ကြဲပက်စိုက်မည်ဆိုလျှင် ၁၀ ပြည် – ၁၂ ပြည်အထိ သုံးစွဲပေးရမည်။

**အကွာအဝေးစနစ် (စိုက်ကြောင်း)** အတန်းနှင့်ပင်ကြား။ ။ တန်းကြား ၂၄–၃၆ လက်မ၊ ပင်ကြား ၁၂–၁၆ လက်မ။

**စိုက်နက်ခြင်း** မျိုးစေ့ကို ၂–၃လက်မအနက်တွင် စိုက်ပါ။

**စိုက်နည်း** မျိုးစေ့ကို တိုက်ရိုက်ချစိုက်ပါ။

**မြေဩဇာ၊ ရေသွင်းခြင်းနှင့် အစိုဓာတ်ထိန်းသိမ်းခြင်း အော်ဂဲနစ်မြေဩဇာ** စိုက်ပျိုးချိန်တွင် နွားချေး၊ မြေဆွေး တစ်ဧကလျှင် ၂–၄ တန် ထည့်ပါ။

**ဓာတ်မြေဩဇာ၊ စိုက်ချိန်** နိုက်ထရိုဂျင်အနည်းငယ်သာလိုအပ်ပြီး ဖော့စဖိတ်နှင့် ပိုတက်စီယမ်ကို အဓိကထည့်သွင်း (ဥပမာ – DAP ဓာတ်မြေဩဇာ ၄၀–၈၀ ကီလိုဂရမ်/ ဧက)။

**ပန်းပွင့်ချိန်** ပိုတက်စီယမ်ဓာတ်မြေဩဇာ (၂၀–၄၀ ကီလိုဂရမ်/ဧက)။




**ရေသွင်း** မိုးမလုံလောက်ပါက ရေသွင်းပေးရန် လိုအပ်သည်။

**မြေဖုံးပစ္စည်း** မြေဆီလွှာအစိုဓာတ်ထိန်းရန် ကောက်ရိုးဖြင့်ဖုံးအုပ်ခြင်း။

**ပိုးမွှားနှင့်ရောဂါကာကွယ်ခြင်းနှင့် စီမံခန့်ခွဲမှု (IPM)၊ ပိုးမွှား**

- ပဲခွံစားပိုး၊ ပင့်ကူနီ၊ ပဲပင်လုံးဖောက်ပိုး။

**ရောဂါ**

- မှိုစွဲညှိုးခြင်း၊ ဗိုင်းရပ်ရောဂါ။

**ကာကွယ်နည်း**

- မှိုသတ်ဆေးဖျန်းခြင်း။
- သဘာဝပိုးသတ်ဆေး (နီမ်ရွက်စိမ်ရည်)။
- ရောဂါဒဏ်ခံမျိုးများ ရွေးချယ်စိုက်ပျိုး။ ကြိုတင်ကာကွယ်ခြင်း
- သီးလှည့်စိုက်ပါ (ပဲယဉ်းနီကို ပြောင်း၊ ဂျုံ စသည့်သီးနှံများနှင့်လှည့်စိုက်)။
- ပိုးမွှားဒဏ်ခံမျိုးများရွေးချယ်ပါ။
- ဇီဝနည်းဖြင့်ကာကွယ်ခြင်း
- နီမ်ရွက်စိမ်ရည်၊ ငရုတ်သီးစိမ်ရည်ဖျန်းခြင်း။
- ပင့်ကူ၊ လိပ်ပြာကဲ့သို့သော သဘာဝသားရဲများကို ထိန်းသိမ်းပါ။
- ဓာတုဆေးဝါးလိုအပ်ပါက ပိုးသတ်ဆေးနှင့် မှိုသတ်ဆေးကို ညွှန်ကြားချက်အတိုင်း အသုံးပြုပါ။

**ရေပေးသွင်းခြင်းနှင့်အစိုဓာတ်ထိန်းခြင်း၊ ရေသွင်းချိန်**

- အပင်သက်တမ်း ၂၀–၂၅ ရက်သားတွင် ပထမအကြိမ် ရေသွင်းပါ။
- ပန်းပွင့်ချိန်နှင့် ပဲခွံဖြစ်ချိန်တွင် ရေမပြတ်စေရန် ဂရုစိုက်ပါ။
- စိုက်ပျိုးနည်း။ မိုးခေါင်ဒေသများတွင် ရေချွေတာသောနည်း (ဥပမာ – Drip Irrigation)ကို အသုံးပြုပါ။

**ရိတ်သိမ်းခြင်းနှင့်ထုတ်လုပ်မှု၊ ရိတ်သိမ်းချိန်** စိုက်ပြီး ၄–၆ လအကြာ (မျိုးကွဲပေါ်မူတည်)။

**အထွက်နှုန်း** ပျမ်းမျှ ၄၀၀–၆၀၀ ကီလိုဂရမ်/ဧက ထွက်ရှိသည်။

**အခြောက်လှန်းခြင်း** ပဲခွံများကို နေရောင်၌ ၃–၄ ရက်အခြောက်လှန်း။

**ရိတ်သိမ်းခြင်းနှင့်ရိတ်သိမ်းချိန်လွန်နည်းလမ်းများလုပ်ဆောင်ခြင်း၊ ရိတ်သိမ်းချိန်** ပဲခွံ ၈၀ ရာခိုင်နှုန်းအရောင်ပြောင်းပြီး ခြောက်သွေ့ချိန်တွင် ရိတ်ပါ။

**အခြောက်လှန်းခြင်း** နေပူတွင် ၃–၄ ရက်ခြောက်အောင်လှန်း၍ စိုထိုင်းဆ ၁၂ ရာခိုင်နှုန်း အောက်ရှိအောင်ထားပါ။

**သိုလှောင်ခြင်း** ပိုးမဝင်စေရန် လေလုံအိတ်များတွင် ထည့်၍ ခြောက်သွေ့အေးမြသောနေရာတွင် သိမ်းဆည်းပါ။

**ထွက်ရှိမှု** ပဲယဉ်းနီသည် မြန်မာနိုင်ငံ၏ အဓိကပြည်ပပို့ကုန်သီးနှံများထဲမှတစ်ခုဖြစ်ပြီး အိန္ဒိယ၊ စင်ကာပူ၊ မလေးရှားစသည့်နိုင်ငံတို့သို့ တင်ပို့ရောင်းချသည်။

စိုက်ပျိုးဧက ၁ ဧကလျှင် ပျမ်းမျှထွက်ရှိမှု ၁၅–၂၀ တင်းခန့် (သီးနှံအမျိုးအစားနှင့် စိုက်ပျိုးနည်းစနစ်ပေါ်မူတည်၍) ရှိသည်။

**စီးပွားရေးနှင့်အာဟာရတန်ဖိုး။ စီးပွားရေး** ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်အဖြစ် ရောင်းချနိုင်သည်။

**အာဟာရ** ပရိုတင်း ၂၀–၂၅ ရာခိုင်နှုန်း၊ အမျှင်ဓာတ်၊ ဗီတာမင်ဘီ၊ သံဓာတ်ကြွယ်ဝသည်။

**စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးလုပ်ဆောင်ခြင်း၊ မြေဆီလွှာထိန်းသိမ်းခြင်း** သစ်ရွက်စိမ်းမြေဩဇာ (Green Manure) စိုက်ပျိုးပါ။

**သီးလှည့်စိုက်ခြင်း** ပဲယဉ်းနီကို နှံစားသီးနှံများနှင့် လှည့်စိုက်ခြင်းဖြင့် မြေဆီလွှာအာဟာရ ပြန်လည်ဖြည့်တင်းပါ။

**မှတ်တမ်းများနှင့်လေ့လာသင်ယူမှု၊ မှတ်တမ်းပြုစုခြင်း** စိုက်ပျိုးစရိတ်၊ ရိတ်သိမ်းမှု၊ ရောင်းဈေးနှုန်းများကို စနစ်တကျမှတ်သားပါ။

**အသိပညာဖလှယ်ခြင်း** ကျေးရွာအသင်းအဖွဲ့များ၊ စိုက်ပျိုးရေးဌာနမှ ကျွမ်းကျင်သူများနှင့် ပုံမှန်ဆွေးနွေးပါ။

**အခက်အခဲများနှင့်အကြံပြုချက်များ၊ စိန်ခေါ်မှုများ** ပိုးမွှားကျရောက်မှု၊ မိုးခေါင်ဒဏ်၊ မျိုးစေ့အရည်အသွေးနိမ့်ခြင်းစသည့်စိန်ခေါ်မှုများရှိသည်။

**YAU (99Batch)**

**အကြံပြုချက်**

ဒေသအလိုက်သင့်လျော်သောမျိုးများ ရွေးချယ်စိုက်ပျိုးပါ။ သီးလှည့်စိုက်ပျိုးခြင်းဖြင့် မြေဆီလွှာအာဟာရထိန်းသိမ်း။

**ဈေးကွက်အမျိုးအစားများ၊ ပြည်တွင်းဈေးကွက်**

ပဲယဉ်းနီကို မြန်မာနိုင်ငံအတွင်း စားသုံးမှုမြင့်မားပြီး ခြောက်သွေ့ဒေသများဖြစ်သည့် မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် ဈေးကွက်ရှိ။

**ပြည်ပဈေးကွက်**အိန္ဒိယ၊အာရှနှင့်အရှေ့အလယ်ပိုင်းနိုင်ငံများ (ဥပမာ – ယူအေအီး၊ ဆော်ဒီအာရေဗျ) တွင် ပဲယဉ်းနီကို ဝယ်လိုအားမြင့်မားသည်။

**စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ၊ စိန်ခေါ်မှုများ**

ပြည်ပဈေးကွက်သို့ ပို့ကုန်အရည်အသွေးမမီခြင်း၊ နိုင်ငံတကာဈေးကွက်ပြိုင်ဆိုင်မှုမြင့်မားခြင်း (အာဖရိကနှင့် တန်ဇန်နီးယားမှ ပဲယဉ်းနီ)၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်တင်ကုန်ချစရိတ်မြင့်မားခြင်း၊ ရာသီဥတုပြောင်းလဲမှု၊ ပိုးမွှားရောဂါ၊ ဈေးကွက်မတည်ငြိမ်မှုတို့က စိုက်ပျိုးသူများအတွက် အခက်အခဲဖြစ်စေသည်။

**အခွင့်အလမ်းများ**

အိန္ဒိယနိုင်ငံတွင် ပဲယဉ်းနီဝယ်လိုအား နှစ်စဉ်တိုးတက်လာခြင်း၊ အစားအစာလုပ်ငန်းများတွင် ပရိုတင်းအစားထိုးပစ္စည်းအဖြစ် ပဲယဉ်းနီကို စတင်အသုံးပြုလာခြင်း။

**ဈေးကွက်တိုးချဲ့ရန် အကြံပြုချက်များ၊ တန်ဖိုးမြှင့်ထုတ်ကုန်များ** ပဲယဉ်းနီမှုန့်၊ ပဲပြား၊ စည်သွတ်ဘူးများ ထုတ်လုပ်ရောင်းချခြင်း။

**ပူးပေါင်းဆောင်ရွက်မှု** ဒေသအစိုးရနှင့် နိုင်ငံတကာအဖွဲ့များ (FAO, UNDP) မှ ဈေးကွက်ရှာဖွေရေးပံ့ပိုးမှုရယူခြင်း၊ ပဲယဉ်းနီထုတ်လုပ်သူများအသင်းများဖွဲ့စည်းကာ စုပေါင်းစီမံခန့်ခွဲခြင်း။

**ဒစ်ဂျစ်တယ်စနစ်များ အသုံးပြုခြင်း**

– အွန်လိုင်းဈေးကွက်များ (ဥပမာ – Facebook Marketplace, Myanmar Online Trade Platform) တွင် ကြော်ငြာရောင်းချခြင်း။

–နိုင်ငံတကာတင်ပို့မှုအတွက် နိုင်ငံတကာကုန်စည်ပြပွဲများကို အသုံးပြုခြင်း။

**အစိုးရမှပံ့ပိုးမှုများ၊ အခွန်ကင်းလွတ်ခွင့်** ပြည်ပသို့တင်ပို့သည့် ပဲယဉ်းနီထုတ်ကုန်များအတွက် အခွန်လျှော့ချပေးခြင်း။

**အရည်အသွေးမြှင့်တင်ရေး** စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစေ့ထောက်ပံ့ခြင်းဈေးကွက်သတင်းအချက်အလက်များ ဖြန့်ဝေခြင်း။

**စီးပွားရေးအရ အရေးပါမှု**

ပဲမျိုးစုံသည် မြန်မာ့စိုက်ပျိုးရေးကဏ္ဍ၏ ၃၀ ရာခိုင်နှုန်းခန့်ကိုကိုယ်စားပြုပြီး နှစ်စဉ်ပြည်ပပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာသန်းပေါင်း ၁၀၀၀ ကျော်ရရှိစေသည်။ ကျေးလက်ဒေသစီးပွားရေးအတွက် အဓိကအထောက်အကူပြုသည်။

ပဲယဉ်းနီသည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအတွက် စီးပွားဖြစ် အခွင့်အလမ်းကောင်းတစ်ခုဖြစ်သည်။ ဈေးကွက်ရရှိရန် အရည်အသွေးစံချိန်မီအောင် ထုတ်လုပ်ခြင်း၊ ဈေးကွက်ချိတ်ဆက်မှုများ တိုးမြှင့်ခြင်းနှင့် အစိုးရ၏ပံ့ပိုးမှုများကိုအသုံးချခြင်းဖြင့် ပြည်တွင်းပြည်ပဈေးကွက်များတွင် အောင်မြင်စွာဝင်ရောက်နိုင်သည်။

**စာမျက်နှာ ၁၀ သို့ ◆**

◆ **စာမျက်နှာ ၉ မှအဆက်**

ပဲယဉ်းနီသည် ရာသီဥတုဒဏ်ခံနိုင်ပြီး အာဟာရပြည့်ဝသောသီးနှံဖြစ်သည်။ စိုက်ပျိုးနည်းစနစ်မှန်ကန်ပါက စီးပွားဖြစ်ထုတ်လုပ်မှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုနိုင်သည်။

ပဲယဉ်းနီစိုက်ပျိုးရာတွင် အထက်ပါအလေ့အကျင့်ကောင်းများကိုလိုက်နာခြင်းဖြင့်စိုက်ပျိုးမှုကုန်ကျစရိတ်လျှော့ချနိုင်ပြီး အထွက်နှုန်းနှင့် အရည်အသွေးမြှင့်တင်နိုင်ကာ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်း တိုးလာစေမည်ဖြစ်သည်။ အောင်မြင်သောဥပမာအနေဖြင့် မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၊ မင်းဘူးမြို့နယ်၊ စလင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ကသာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်၊ မိတ္ထီလာမြို့နယ်တို့မှထွက်ရှိသည့် ပဲယဉ်းနီများအား ပြည်ပသို့တင်ပို့ရောင်းချမှုမှာ အောင်မြင်မှုရရှိနေသည်။ မကွေးတိုင်းဒေသကြီးမှ စိုက်ပျိုးသူများသည် ပြည်ပသို့ပဲယဉ်းနီတင်ပို့ရာတွင် အောင်မြင်မှုရရှိနေပြီး အိန္ဒိယနိုင်ငံတွင် မြန်မာ့ပဲယဉ်းနီများကို အိန္ဒိယ၏ ပြည်တွင်းစားသုံးမှုနှင့် ပြန်လည်တင်ပို့မှုအတွက် အသုံးပြုလျက်ရှိသည်။ ။

# ပဲခူးမြို့နယ်နှင့် ဒိုက်ဦးမြို့နယ်တို့အတွင်းရှိ ပြည်သူများအား အထူးကုဆရာဝန်ကြီးများက ဆေးကုသမှုဆောင်ရွက်ပေး



**ပဲခူး ဧပြီ ၂၈**

ကျန်းမာရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ဦးဆောင်မှုဖြင့် ပဲခူးမြို့ ခုတင်-၅၀၀ဆံ့အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများပါဝင်သော ကျန်းမာရေးဝန်ထမ်းများသည် ဧပြီလ ၂၇ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့နယ် ပျဉ်ပုံကြီးကျေးလက်ကျန်းမာရေးဌာနသို့သွားရောက်၍ ပဲခူးမြို့နယ်နှင့် ဒိုက်ဦးမြို့နယ်တို့အတွင်းရှိ ရဟန်းရှင်လူပြည်သူများအား ဆေးကုသမှုများ ကွင်းဆင်းဆောင်ရွက်ပေးကြသည်။

ရှေးဦးစွာ ပဲခူးမြို့ခုတင်-၅၀၀ဆံ့အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများအဖွဲ့သည် ပျဉ်ပုံကြီးကျေးလက်ကျန်းမာရေးဌာနသို့ ကွင်းဆင်းဆေးကုသမှုများပြုလုပ်ပေးရာတွင် ပဲခူးမြို့နယ်အတွင်းရှိဘုရားကလေးကျေးရွာအုပ်စု၊ ဝမ်းဘဲအင်းကျေးရွာအုပ်စု၊ ရွာသစ်ကိုင်းတာကျေးရွာအုပ်စုနှင့် ပျဉ်ပုံကြီးကျေးရွာအုပ်စု၊ ဒိုက်ဦးမြို့နယ်အတွင်းမှ ကျိုက်စကောကျေးရွာအုပ်စုနှင့် ဘုရားကြီးကွင်းကျေးရွာအုပ်စုတို့မှ ရဟန်းရှင်လူ စုစုပေါင်း ၄၁၁ ဦး လာရောက်ပြသကြပြီး အဆိုပါလူနာများအထဲမှ သမားတော်(အထွေထွေရောဂါလူနာ) ၁၄၂ ဦး၊ သားဖွားမီးယပ်လူနာ ၄၇ ဦး၊ ကလေးလူနာ ၁၂ ဦး၊ အရိုးလူနာ ၁၀၆ ဦး၊ မျက်စိလူနာ ၆၉ ဦး၊ သွားနှင့်ခံတွင်းရောဂါလူနာ ၃၅ ဦးတို့အား ဆေးကုသမှုပြုလုပ်ပေးနိုင်ခဲ့သည့်အပြင် သွားတုပြုလုပ်ရန် ခြောက်ဦးနှင့် မျက်စိအတွင်းတိမ်နှစ်ဦးအား ပဲခူးဆေးရုံကြီး၌ ဆက်လက်ကုသရန်၊ အခြားလူနာ ၅၄ ဦးအား ပဲခူးဆေးရုံကြီးတွင် ပြင်ပလူနာအဖြစ် ဆက်လက်ကုသနိုင်ရန် စီစဉ်မှာကြားသည်။

ထိုသို့ဆောင်ရွက်မှုကို ပဲခူးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မင်းထွန်း၊ ပဲခူးမြို့ခုတင်-၅၀၀ဆံ့အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာဇော်လွင်၊ ဒုတိယဆေးရုံအုပ်ကြီး ဒေါက်တာသန္တာဆွေ၊ ပဲခူးတိုင်းဒေသကြီးကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမြတ်စိုး၊ ဘုရားကြီးမြို့အုပ်ချုပ်ရေးမှူး ဦးဟိုင်းကြိုင်ကြိုင်တိုးတို့က လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

# ဟသ်ာတမြို့နယ် လယ်တီကုန်းကျေးရွာ၌ ၄၀၀ ဗို့ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီး

**ဟသ်ာတ ဧပြီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် လယ်တီကုန်းကျေးရွာ၌ ကျေးရွာတွင်း ၄၀၀ ဗို့ဓာတ်အားလိုင်း သုည ဒသမ ၁၇ မိုင် သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဧပြီလ ၂၇ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြောင်းသိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကျေးရွာတွင်း ၄၀၀ ဗို့ဓာတ်အားလိုင်း သုည ဒသမ ၁၇ မိုင် ဆောင်ရွက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်လိုအပ်ကြောင်းမှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါလယ်တီကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး လက်ရှိတွင် စီမံကိန်းအတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ် သိန်း ၁၁၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၃၁ ဒသမ ၆ သိန်း စုစုပေါင်း ၁၄၁ ဒသမ ၆ သိန်း အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်းသိရသည်။

ဇင်မာ

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၉-၄-၂၀၂၅ (အင်္ဂါနေ့)

၁။ ဝ၆:ဝဝ တရားတော်
၂။ ဝ၈:ဝဝ မြဝတီရုပ်မြင်သံကြား သတင်း
၃။ ဝ၉:ဝဝ Soft Skill
၄။ ၁ဝ:ဝဝ စိုက်ပျိုးသုတ
၅။ ၁၁:ဝဝ မြန်မာသံစဉ်ချိုနားဝင်
၆။ ၁၉:ဝဝ **ရုပ်မြင်သံကြားဇာတ်လမ်း အချစ်ဆုံးသူရဲ့ရင်မှာ (ဒုတိယပိုင်း) သရုပ်ဆောင်- ပြေပြီမိုး၊ ရဲအောင်၊ မေဆွိ ဒါရိုက်တာ-အောင်မြင့်မြတ်**

## မွန်မြတ်လှတဲ့ နှလုံးသား

❖ လဲနေသူဖေးကူမ
မွန်မြတ်လှတဲ့ သင့်မေတ္တာ။
လူသားချင်း စာနာထား
လေးစားမိဗျာ။
ကိုယ်ကျိုးစွန့်လို့ ကူညီရှာ
ဖြူစင်စွာ နှလုံးသား။
ရင်ထဲမှာ ဘယ်မမေ့
ချမ်းမြေ့တအား။

❖ ကြုံစုံလာ ငလျင်ဘေး
စဉ်မနေး လက်တွဲကူ။
ဖြူတာမည်းတာ မခွဲခြား
ခွန်အားမျှသူ။
များအကျိုးအတွက် မနောဖြူ
အေးအတူ ပူအမျှ။
စေတနာ ထည်ဝါလင်း
လမင်းလိုပ။

❖ သောကဝေ မျှခံစား
ကိုယ့်သွေးသားလို ချစ်ချစ်ခင်။
ကြင်နာမှုတွေ လွှမ်းခြုံပေး
နွေးထွေးလို့ပင်။
ရိုင်းပင်းတဲ့ စိတ်အစဉ်
ဖြူဖြူစင် အနှိုင်းမဲ့။
ရေနဲ့ ကြာလိုပနံတင့်
ဂုဏ်မြင့်စေခဲ့။

❖ နှစ်သစ်မှာ အောင်အတိတ်
အောင်နိမိတ်ဖြစ်ပါစေ။
ရွက်ဟောင်းကြွေ ရွက်သစ်လောင်း
ကောင်းကြောင်းနဲ့ဝေ။
ရှေ့ဆက်လည်း လှူနိုင်စေ
တောင်းဆုခြွေ မေတ္တာလောင်း။
မွန်မြတ်လှတဲ့ နှလုံးသား
လေးစားမိကြောင်း။ ။

မနောဖြူ

# နိုင်ငံတကာမှရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ ပြည်တွင်းရှာဖွေကယ်ဆယ်ရေးအဖွဲ့အစည်းများနှင့် ပရဟိတအဖွဲ့အစည်းအားလုံးကို ကျေးဇူးတင်ရှိကြောင်းနှင့် မှတ်တမ်းတင်ဂုဏ်ပြုကြောင်းသတင်းထုတ်ပြန်ချက်




ပျဉ်းမနားမြို့နယ် ဥယျာဉ်စုအုပ်စု ဦးကျေးရပ်ကွက် မေတ္တာမွန်ခန်းမတွင် ဘင်္ဂလားဒေ့ရှ်အရေးပေါ်ဆေးအဖွဲ့က ငလျင်ဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။



နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာမှပေးအပ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများ ပြန်လည်ဖြန့်ဝေပေးအပ်စဉ်။



ရှမ်းပြည်နယ်အတွင်းရှိ ငလျင်ဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာမှပေးအပ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများပြန်လည်ဖြန့်ဝေပေးအပ်စဉ်။



မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ငလျင်ဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာမှပေးအပ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများ ပြန်လည်ဖြန့်ဝေပေးအပ်စဉ်။



ငလျင်ဘေးသင့်ပြည်သူများအား ဘူတန်နိုင်ငံမှဆေးကုသရေးအဖွဲ့က နေပြည်တော်ရှိ ယာယီဆေးရုံ (ပေါင်းလောင်း)၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။



ယူအေအီးနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဧပြီ ၂၈**

မတ်လ ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ဒေသများသို့ နိုင်ငံတော်အစိုးရအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် နိုင်ငံတကာမှလည်း လူသားချင်းစာနာထောက်ထားမှုအကူအညီများနှင့် ဆေးဝါးများကို နေ့ရက်အလိုက် မြန်မာနိုင်ငံသို့ပေးပို့လျက်ရှိသဖြင့် နိုင်ငံတော်နှင့်ပြည်သူများက ကျေးဇူးတင်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံအတွင်းရှိ ငလျင်ဘေးဒဏ်သင့်ဒေသများသို့ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် ရုရှား၊ တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ ယူအေအီး၊ လာအို၊ ဘယ်လာရုစ်၊

**စာမျက်နှာ ၁၂ သို့ ◆**

◆ စာမျက်နှာ ၁၁ မှအဆက်

အင်ဒိုနီးရှား၊ ဘူတန်၊ ဖိလစ်ပိုင်၊ ဂျပန်၊ နီပေါ၊ ပါကစ္စတန်၊ တူကီယဲ၊ အမေရိကန်၊ သီရိလင်္ကာ၊ ဩစတြေးလျ၊ အဇာဘိုင်ဂျန်၊ ဘရူနိုင်း၊ တောင်ကိုရီးယား၊ ဂျာမနီနှင့် ကမ္ဘောဒီးယား စသည့်နိုင်ငံပေါင်း ၂၆ နိုင်ငံတို့မှ လူသားချင်းစာနာထောက်ထားမှုအကူအညီပစ္စည်းများ ထောက်ပံ့ပေးခြင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရုရှား၊ တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ ယူအေအီး၊ ဘယ်လာရုစ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် တူကီယဲ စသည့်နိုင်ငံ ၁၃ နိုင်ငံတို့မှ ဆေးအကာအကွယ်အဖွဲ့များ ပူးတွဲပါဝင်သည့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့ ၁၆ ဖွဲ့၊ လူဦးရေ ၁၀၇၀ နှင့် ရှာဖွေကယ်ဆယ်ရေးခွေး ၃၈ ကောင်တို့ဖြင့် ပြည်တွင်းရှိအဖွဲ့အစည်းများနှင့်ပူးပေါင်းကာ မြေပြင်ကွင်းဆင်း၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အဆောက်အဦများအတွင်းသို့ ရောက်ရှိပိတ်မိနေကြသည့် ပြည်သူများအား နိုင်ငံအလိုက်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြပြီး ကယ်ဆယ်ရှာဖွေတွေ့ရှိခဲ့သည့် လူနာများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်း ကယ်ဆယ်သည့်နေရာတွင်ပင် အမြန်ဆုံးဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ထိုသို့ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်တွင်းရှာဖွေကယ်ဆယ်ရေး အဖွဲ့အစည်းများက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လျင်မြန်စွာဆောင်ရွက်မှုကြောင့် အသက်ရှင်ကျန်ရစ်သူ ၆၅၃ ဦးနှင့် Dead body ၇၇၈ ဦးတို့ကို ရှာဖွေတွေ့ရှိခဲ့ပါသည်။

ထို့ပြင် နိုင်ငံတကာဆေးအဖွဲ့များအနေဖြင့် တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ရုရှား၊ အမေရိကန်၊ သီရိလင်္ကာ၊ တောင်ကိုရီးယား၊ ဂျာမနီ၊ အိန္ဒိယ၊ လာအို၊ နီပေါ၊ စင်ကာပူ၊ ဂျပန်နှင့် မလေးရှား စသည့် နိုင်ငံပေါင်း ၁၇ နိုင်ငံမှ ဆေးအဖွဲ့ ၂၈ ဖွဲ့၊ အဖွဲ့ဝင်စုစုပေါင်း ၁၁၅၂ ဦးတို့က ပြင်ပလူနာ ၂၉၂၀၆ ဦး၊ အတွင်းလူနာ ၉၅၇ ဦးနှင့် ခွဲစိတ်လူနာ ၁၀၈၄ ဦးတို့ကို အောင်မြင်စွာကုသပေးနိုင်ခဲ့ပါသည်။

ထိုသို့ နိုင်ငံတကာအဖွဲ့အစည်းများ၏ စွမ်းစွမ်းတမံဆောင်ရွက်ချက်များ၊ ပြည်တွင်းရှာဖွေကယ်ဆယ်ရေးအဖွဲ့အစည်းများနှင့် ပရဟိတအဖွဲ့အစည်းအားလုံး၏ အများအကျိုးအတွက်နေ့မအားညမအားသက်စွန့်ကြိုးပမ်းပါဝင်ကူညီဆောင်ရွက်ချက်များကို နိုင်ငံတော်နှင့်မြန်မာပြည်သူပြည်သားများက လေးနက်စွာအသိအမှတ်ပြု၍ လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်းနှင့် မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**



မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ရှာဖွေကယ်ဆယ်ရေး(အထူး)တပ်ဖွဲ့ဝင်များ၊ တူကီယဲနိုင်ငံမှ GEA Search and rescue အဖွဲ့ဝင်များနှင့် ဗီယက်နမ်နိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်စဉ်။




အင်ဒိုနီးရှားနိုင်ငံမှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများ ရောက်ရှိစဉ်။



ဘယ်လာရုစ်နိုင်ငံမှပေးပို့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများ ကြိုဆိုလက်ခံစဉ်။



နီပေါနိုင်ငံမှကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများရောက်ရှိစဉ်။



ထိုင်းနိုင်ငံမှကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများရောက်ရှိစဉ်။



ပါကစ္စတန်နိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့်ဆေးဝါးများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိစဉ်။



ငလျင်ဒဏ်သင့်ပြည်သူများအတွက် ဘယ်လာရုစ်နိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ နေပြည်တော်ရှိ တပ်မတော်လေဆိပ်သို့ ရောက်ရှိစဉ်။

စာမျက်နှာ ၁၃ သို့ ◆

◆ စာမျက်နှာ ၁၂ မှအဆက်




တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အဋ္ဌမအကြိမ် အကူအညီပစ္စည်းများတင်ဆောင်လာသည့်လေယာဉ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်စဉ်။




ရုရှားနိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များက မန္တလေးမြို့ ငလျင်ဘေးသင့်အဆောက်အအုံများအတွင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်စဉ်။



စင်ကာပူနိုင်ငံမှ သူနာပြုဆေးအဖွဲ့များက ကယ်ဆယ်ရှာဖွေတွေ့ရှိခဲ့သည့် လူနာများအား ကျန်းမာရေး စောင့်ရှောက်မှုဆောင်ရွက်ပေးစဉ်။




သီရိလင်္ကာနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုအကူအညီပစ္စည်းများနှင့် ဆေးဝါးများထပ်မံ ရောက်ရှိလာစဉ်။



ဖိလစ်ပိုင်နိုင်ငံမှ ကူညီကယ်ဆယ်ရေးပစ္စည်းများ ရောက်ရှိလာစဉ်။



ဘရူနိုင်းနိုင်ငံမှ အကူအညီပစ္စည်းများ ဧပြီလအတွင်း ရောက်ရှိလာစဉ်။




ဩစတြေးလျနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုအကူအညီပစ္စည်းများရောက်ရှိစဉ်။




ဂျပန်နိုင်ငံမှ ဆေးကုသရေးအဖွဲ့များ နေပြည်တော်မှ ပြန်လည်ထွက်ခွာစဉ်။

စာမျက်နှာ ၁၄ သို့ ◆

◆ စာမျက်နှာ ၁၃ မှအဆက်



တူကီယဲနိုင်ငံမှ စေတနာရှင်အဖွဲ့များက ငလျင်ဘေးဒဏ်သင့်ဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး အာဆီယံနိုင်ငံများမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များအား ဂုဏ်ပြုနှုတ်ဆက်စဉ်။



AHAစင်တာမှပေးပို့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီကယ်ဆယ်ရေးပစ္စည်းများ ဧပြီလအတွင်းရောက်ရှိလာစဉ်။



ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများနှင့် ဆေးဝါးများရောက်ရှိစဉ်။



တရုတ်ကယ်ဆယ်ရေးအဖွဲ့နှင့် Ramunioun Rescue တို့ပူးပေါင်း၍ Sky Villa ကွန်ဒိုမှ ကိုယ်ဝန်ဆောင်အမျိုးသမီးအား ကယ်ထုတ်လာစဉ်။




နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ နိုင်ငံအသီးသီးမှ ထောက်ပံ့ရေးပစ္စည်းများရောက်ရှိစဉ်။



မန္တလေးမြို့ ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများကိုလုပ်ဆောင်နေသည့် ရုရှားအရေးပေါ်ကူညီကယ်ဆယ်ရေးအဖွဲ့မှ အထူးလေ့ကျင့်သင်ကြားထားသည့် အနံ့ခံခွေးလေးကို ဒေသခံတစ်ဦးကချစ်ခင်နေသည့်မြင်ကွင်း။(MC)



စင်ကာပူနိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များက အနံ့ခံခွေးများဖြင့် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်သင့်ဝန်ထမ်းအိမ်ရာများသို့ ကွင်းဆင်းရှာဖွေစဉ်။

# ၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲဖွင့်ပွဲကျင်းပ



၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲဖွင့်ပွဲကျင်းပစဉ်။

နေပြည်တော်  ဧပြီ ၂၈

၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ငူလေတပ်စခန်းဌာနချုပ်ရှိ စက်ပစ်ကွင်း၌ ပြုလုပ်ရာ တောင်ငူလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်စွမ်းလှိုင်မင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် ပြိုင်ပွဲဝင်အသင်းများတက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား ဌာနချုပ်မှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဌာနချုပ်မှူးက မိုးပုံပူဖောင်းအား သေနတ်ဖြင့်ပစ်ဖောက်၍ အခမ်းအနားကိုဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့်အတူ ပြိုင်ပွဲ ပထမနေ့ ပွဲစဉ်များဖြစ်သည့် အမျိုးသားပစ္စတိုပွဲစဉ်(အမြန်နှင့်လျှပ်တစ်ပြက်)၊ အမျိုးသမီးကာဘိုင်ပွဲစဉ်(အနေအထား ၃ မျိုး)၊ အမျိုးသမီးပစ္စတိုပွဲစဉ်(အမြန်နှင့်လျှပ်တစ်ပြက်) ပွဲစဉ်များကို ကြည့်ရှုအားပေးသည်။

အဆိုပါသေနတ်ပစ်ပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) ကွပ်ကဲမှုအောက်ရှိ လေတပ်စခန်းဌာနချုပ်များနှင့် လေတပ်စခန်းအသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်း ပါဝင်ယှဉ်ပြိုင်ပြီး ပြိုင်ပွဲတွင် ပစ္စတိုပစ်ခတ်စဉ်(အမျိုးသား၊ အမျိုးသမီး)၊ ကာဘိုင်ပစ်ခတ်စဉ်(အမျိုးသား၊ အမျိုးသမီး)၊ ရိုင်ဖယ်ပစ်ခတ်စဉ်(အမျိုးသား)၊ စက်သေနတ်ပစ်ခတ်စဉ်(အမျိုးသား) စသည့်ပစ်ခတ်စဉ်များကို ဧပြီလ ၂၈ ရက်မှ မေလ ၂ ရက်အထိ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ဗထူးတပ်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

နေပြည်တော်  ဧပြီ ၂၈

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဗထူးတပ်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများအား ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်းသတင်းရရှိသည်။ (၁၀၀)



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားစဉ်။

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော်  ဧပြီ ၂၈

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့်ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ်ခြောက်ခုတို့တွင် ဧပြီလ ၂၈ ရက်အထိ သေဆုံးသူ ၃၇၇၀ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၆ ဦးနှင့် ပျောက်ဆုံးသူ ၁၀၆ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့်ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအားရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၇၈ ဦး အား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ဆက်လက်ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဧပြီလ ၂၇ ရက် ည ၈ နာရီ ၁၀ မိနစ်မှ ၂၈ ရက် ညနေ ၅ နာရီအတွင်း မလေးရှားနိုင်ငံအခြေစိုက် Fo Guang Shan နှင့် Buddha’s Light International Association Yayasan Sin Chew အဖွဲ့အစည်းများက ထောက်ပံ့သည့် စုစုပေါင်း ၃ ဒသမ ၉၁၈ တန်ရှိ မိုးကာတဲ၊ စောင်၊ ခြင်ထောင်၊ တဘက်၊ ဆိုလာမီးအိမ်၊ သွားတိုက်ဆေး၊ သွားပွတ်တံနှင့် အိပ်ရာများ၊ တရုတ်နိုင်ငံအခြေစိုက် တရုတ်-မြန်မာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ရေးအသင်းက ထောက်ပံ့သည့်စုစုပေါင်း ၂ ဒသမ ၁၈၅ တန်ရှိ ဆေးဝါးများနှင့် တရုတ်နိုင်ငံ အခြေစိုက် Buddhist Tzu Chi Charity Foundation မှ ထောက်ပံ့သည့် စုစုပေါင်း ၅ ဒသမ ၅၄၇ တန်ရှိ ခြင်ထောင်၊ အိပ်ရာများအား သယ်ဆောင်လာသော လေယာဉ်များ ဆိုက်ရောက်ခဲ့သည်။

ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## (၂၈-၄-၂၀၂၅) ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗ စင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ **ဈေးနှုန်းမှာ (၅,၆၆၀,၀၀၀) ကျပ်ဖြစ်**သည်။

**ဓာတ်သတ္တု(ရွှေ)**
**ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**


## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိရ

နေပြည်တော်  ဧပြီ ၂၈

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၂၀-၄-၂၀၂၅ ရက် ည ၈ နာရီမှ ၂၇-၄-၂၀၂၅ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၂၇၇၂ ခု အား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)မှ သတင်းထုတ်ပြန်အပ်သည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေး**
**ဗဟိုဌာန (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊**
**ကျန်းမာရေးဝန်ကြီးဌာန**







ဆရာတော်၊ သံဃာတော်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ဧည့်ပရိသတ်များက မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျဖြင့် ဦးစားပေးအဆင့်အလိုက် ဆက်လက်ဆောင်ရွက်နေမှုအခြေအနေများကို တင်ဆက်ထားသည့်မှတ်တမ်းရုပ်သံဗီဒီယိုအား ကြည့်ရှုကြစဉ်။







နိုင်ငံတော်ဩဝါဒါစရိယ၊ တပ်ကုန်းမြို့၊ မဟာသီဟနာဒကျောင်းတိုက်ဆရာတော် အဘိဇဓမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ကြီးများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီးတို့က လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ဇနီးတို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

✯ ရှေ့ဖုံးမှအဆက်

ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ပြည်တွင်းမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ နိုင်ငံတကာမှရောက်ရှိလာသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များ အတူတကွ ပူးပေါင်း၍အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျဖြင့် ဦးစားပေးအဆင့်အလိုက် ဆက်လက်ဆောင်ရွက်နေမှုအခြေအနေများကို တင်ဆက်ထားသည့် မှတ်တမ်းရုပ်သံဗီဒီယိုအား ကြည့်ရှုကြသည်။

ထို့နောက် မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ပျံလွန်၊ ကွယ်လွန်ခဲ့ကြရသည့် ရဟန်း၊ ရှင်၊ လူ ပြည်သူများအားရည်စူး၍






နိုင်ငံတော်ဩဝါဒါစရိယ၊ တပ်ကုန်းမြို့၊ မဟာသီဟနာဒကျောင်းတိုက်ဆရာတော် အဘိဇဗမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများက ငါးပါးသီလခံယူဆောက်တည်ကြစဉ်။



ဆရာတော်ကြီးများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့်ဇနီးတို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

တစ်လပြည့်နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို "နမောတဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး မဟာသီဟနာဒကျောင်းတိုက်ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည့် မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ပေါက်မြိုင်ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီးတို့က မဟာသီဟနာဒဆရာတော်ကြီးထံလည်းကောင်း၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများက ဆရာတော်၊ သံဃာတော်များထံလည်းကောင်း လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ပါဠိတက္ကသိုလ် ၊ မင်္ဂလာဇေယျာကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ တရားတော်များနာကြား၍ မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ပျံလွန်၊ ကွယ်လွန်ခဲ့ကြရသည့် ရဟန်း၊ ရှင်၊ လူ ပြည်သူများအား ရည်စူးပြီး ရေစက်သွန်းလောင်းအမျှပေးဝေကြသည်။

ယင်းနောက် အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့သည်။

၎င်းနောက် အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း နှင့်ဇနီးတို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေး နှင့်ဇနီးတို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# The State Administration Council of the Republic of the Union of Myanmar offers day meal to Buddhist monks in memory of the people including monks and laypersons, who died in the Mandalay earthquake a month ago



Merit sharing ceremony in progress.



Senior General Min Aung Hlaing and wife, Daw Kyu Kyu Hla, offer day meal to Sayadaws.



Senior General Min Aung Hlaing and wife, Daw Kyu Kyu Hla, present offertories to a Sayadaw.

NAY PYI TAW April 28

The State Administration Council of the Republic of the Union of Myanmar offered a day meal to Buddhist monks in memory of the people including monks and laypersons, who died in the Mandalay earthquake a month ago this morning in Nay Pyi Taw, Union Territory.

Present on the occasion to offer day meal to the eminent monks led by Patron Sayadaw Abhidhaja Maha Rattha Guru Bhaddanta Janinda of Paukmyaing Monsatery, Leway, Nay Pyi Taw and State Ovadacarira Sayadaw Abhidhaja Maha Rattha Guru Bhaddanta Acinna of Maha Thihanada Monastery, Tatkon were Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla, SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win and wife Daw Than Than Nwe, the SAC

See Page - 21►►



Vice-Senior General Soe Win and wife, Daw Than Than Nwe, offer day meal to Sayadaws.

# Pantanaw Township sends many baskets of Thai Bay Gyar paddy to Yangon market



PANTANAW April 28

A significant amount of "Thai Bay Gyar" paddy was sold from Pantanaw Township to the Yangon market according to Daw Win Htay, a rice and paddy trader from Pantanaw Township of Ayeyawady Region.

Over the past month, we have sent a large quantity of Thai Bay Gyar paddy. Pantanaw Township primarily supplies its agricultural products to the Yangon market. The Thai Bay Gyar variety belongs to the non-premium paddy category. Due to the strong demand from buyers in Yangon, our export volume has increased. Currently, paddy prices are also high, and in the domestic paddy market, there is a strong demand for paddy," said Daw Win Htay.

Over the past month, the price of 100 baskets of "Thai Bay Gyar" paddy from Pantanaw Township ranged up to Ks-1.69 million. This type of paddy is considered to be of high quality. **SK**

# Maize and sweet corn cultivated in Myinmu Township



MYINMU April 28

According to statistics from the Sagaing District Agriculture Department, a total of 7,932 acres of maize and sweet corn have been cultivated during this year's winter crop season in Myinmu Township of Sagaing Region.

For the 2024-2025 winter cropping season, 8,539 acres were planned for maize and sweet corn cultivation, including 2,192 acres for maize and 6,347 acres for sweet corn. Planting began in October 2024, and as of today, a total of 2,177 acres of seed-producing maize and 5,755 acres of sweet corn, totalling 7,932 acres, have been cultivated.

"Myinmu Township has earmarked to cultivate 8,539 acres of seed-producing maize and sweet corn. As of today, a total of 7,932 acres have been completed against the target cultivation. Efforts are underway to reach the planned acreage. To ensure a successful maize harvest, we are providing knowledge-sharing sessions and guidance to prevent pest infestations," said Daw Thida Lwin, head of the Sagaing District Agriculture Department.

Moreover, the Myinmu Township Agriculture Department is conducting training sessions, field demonstrations, and preventive measures against pests like the fall armyworm. Farmers are being educated on integrated pest management, proper use of pesticides, and crop protection methods for sustainable maize and sweet corn farming.

In terms of yield and cost, the production of seed-producing maize is over 50 baskets per acre, with an estimated cost of Ks-500,000 per acre. Similarly, sweet corn yields 15,000 cobs per acre, with a cultivation cost exceeding Ks-500,000 per acre. **SMK**

# Farmers finish cultivation of more than 4,000 acres of black gram in Kawlin District

KAWLIN April 28

Local farmers have planted 4,890 acres of black gram in Kawlin District of Sagaing Region, according to the Kawlin District Agriculture Department.

They have so far planted 4,890 acres of black gram exceeding the target of 3,982 acres in 2024-2025 cold season.

U Thein Win, Head of Kawlin District Agriculture Department commented: "Local authorities earmarked cultivation of 3,982 acres of black gram this cold season but farmers exceeded cultivation of crops on 4,890 acres of crops so far. Our department helped local farmers prevent pests and apply advanced agricultural techniques to boost per-acre yield."

So far, they have planted 3,734 acres of black gram in Kawlin Township, 203 acres in Wuntho Township and 953 acres in Pinlebu Township, totalling 4,890.

This cold season, Kawlin Township earmarked 3,650 acres of black gram, Wuntho Township 10 acres and Pinlebu Township 322 acres, totalling 3,982.

Officials of relevant township agriculture departments raise farmer awareness of using quality seeds of crops, agricultural techniques, prevention of pests and systematic broadcasting of fertilizers.

This year, officials from relevant department cooperate with local farmers to provide quality seeds of crops, inputs, post-harvest technology to increase per-acre yield of crops. **SMK**

# Monywa District completes cultivation of more than 1,000 acres of lima bean

MONYWA April 28

Statistics of Monywa District Agriculture Department stated that a total of 1,414 acres of lima bean has been planted in Monywa District of Sagaing Region this cold season.

Local farmers started cultivation of lima bean in October 2024 and they have so far planted 1,414 acres of crops against the target of 1,480 acres.

The Head of Monywa District Agriculture Department explained: "Local authorities earmarked cultivation of 1,480 acres of lima bean but farmers could grow 1,414 acres of crops. They are trying hard to meet the target cultivation with the help of the relevant agriculture department. Lima beans are thriving in Monywa District. Local farmers grow the crops to fetch good prices."

So far, local farmers have planted 962 acres of lima bean in Monywa Township, 77 acres in Budalin Township and 375 acres in ChaungU Township.

In 2024-2025 cold season, authorities set plans to grow lima bean on 995 acres of croplands in Monywa Township, 85 acres in Budalin Township and 400 acres in ChaungU Township.

Some farmers cultivation lima bean as separate crops in Monywa District last monsoon but some farmers grow it as mixed crops to earn increased incomes.

Officials from relevant agriculture departments in Monywa District help local farmers use quality seeds and agricultural technologies with preventive measures of pests and making natural pests. **SK**

# Putin declares truce in days of 80th Anniversary of Victory Day - Kremlin




MOSCOW April 28

By decision of the Supreme Commander-in-Chief of the Armed Forces of the Russian Federation, Vladimir Putin, and based on humanitarian considerations, the Russian side is declaring a ceasefire during the days marking the 80th anniversary of Victory - from midnight on May 7 to 8 until midnight on May 10 to 11.

- All combat operations will be suspended during this period.

- Russia believes that the Ukrainian side should follow this example.

- In the event of violations of the ceasefire by the Ukrainian side, the Armed Forces of the Russian Federation will deliver an adequate and effective response.

"The Russian side once again declares its readiness for peace talks without preconditions, aimed at addressing the root causes of the Ukrainian crisis and engaging in constructive cooperation with international partners."

**Sputnik**

# Trump claims Zelensky ready to 'give up' Crimea

WATSHINGTON April 28

US President Donald Trump has said he believes Ukraine's Vladimir Zelensky has come to terms with the need to recognize Crimea as part of Russia in order to achieve peace with Moscow.

Zelensky has repeatedly insisted he would never formally recognize Moscow's control over Crimea, which became part of Russia in 2014 afollowing a referendum held in the aftermath of a bloody Western-backed armed coup in Kiev.

Trump, who met with the Ukrainian leader on the sidelines of Pope Francis' funeral at the Vatican on Saturday, was asked by journalists aboard Air Force One on Sunday if Zelensky was now prepared to "give up" the peninsula.

"Oh, I think so, yeah," the US president replied.

Trump said the tone of his latest exchange with Zelensky was markedly different compared to the "little dispute" they had at the Oval Office in February.

Back then, the Ukrainian leader's meeting with Trump and US Vice President J.D. Vance turned into a shouting match in front of the cameras and led to Zelensky's visit to the White House being cut short.

"I see him [Zelensky] as calmer. I think he understands the picture. And I think he wants to make a deal. I do not know if he wanted to make a deal [before]. I think he wants to make a deal," the president stated.

Trump said Zelensky had told him "that he needs more weapons, but he has been saying that for three years." The US president noted that Kiev is in a "very tough situation" and is fighting "a much bigger force."

He also called on Russian President Vladimir Putin to "stop shooting, sit down and sign a deal" to end the fighting.

Moscow has said on numerous occasions that it is ready to begin talks with Kiev without any preconditions. However, Kremlin spokesman Dmitry Peskov noted on Monday that so far Russia is not seeing any steps from Ukraine that would signal its eagerness to start negotiating.

Russian officials have emphasized that any viable long-term settlement must address the root causes of the conflict and reflect the territorial realities on the ground, including Moscow's control of Crimea as well as of the People's Republics of Donetsk and Lugansk and Kherson and Zaporozhye regions. **RT**

# 68 killed in U.S. air raids on detention center in N. Yemen: Houthis




SANAA April 28

The death toll from Monday's U.S. airstrikes on a detention center in northern Yemen has risen to 68, with 47 injured, reported the Houthi-run Al-Masirah TV.

The Houthis, who control much of northern Yemen, said all the victims are illegal African migrants held in the detention center in Saada, the capital city of the namesake Saada province, in northern Yemen.

The television said the 68 bodies were recovered from the rubble after civil defence teams put out the fire that resulted from the U.S. airstrikes. The injured were taken to hospitals.

"One of the American missiles that hit the detention center did not explode. The relevant authorities are handling the object with extreme caution," the Houthi television said.

"The migrants in this center are under the supervision of the International Organization for Migration (IOM) and the International Committee of the Red Cross, and targeting this center constitutes a full-fledged war crime," the Houthi group said in a statement on the television channel.

"The American administration bears full responsibility for the heinous crime against African immigrants," the Houthis said.

According to the IOM, Yemen remains a transit country for thousands of migrants traveling between the Horn of Africa and Saudi Arabia despite years of civil war in the country.

Tensions between the Houthi group and the U.S. military have sharply risen since Washington resumed airstrikes on Houthi positions in Yemen on March 15. The strikes were intended to deter the Houthis from targeting Israel and U.S. ships in the Red and Arabian Seas.

**Xinhua**

# Seven killed, 17 injured in bomb blast in NW Pakistan

ISLAMABAD April 28

At least seven people were killed and 17 others injured in an improvised explosive device (IED) blast in Pakistan's northwest Khyber Pakhtunkhwa Province on Monday, police said.

The explosion occurred at the office of a local peace committee leader in the Wana Bazaar area of South Waziristan District, local police told Xinhua.

The explosive device was planted and remotely detonated, the police said, adding that the blast caused the office to collapse, trapping several individuals, including a local leader, under the debris.

The injured were immediately shifted to the District Headquarters Hospital in Wana for medical treatment, the spokesperson said.

Rescue operations were underway at the scene, while security forces had cordoned off the area and launched an investigation into the incident, police added.

**Xinhua**

►► From Page - 18

Secretary and wife, the SAC Joint Secretary and wife, SAC members, union level dignitaries, union ministers and wives, senior military officers from the Office of the Commander-in-Chief and wives, deputy ministers and officials.

First, a video clip on damages caused by the earthquake, joint rescue and relief operations conducted by local rescue teams and international rescue teams with ardent efforts, and ongoing rehabilitation activities carried out systematically in order of priority was screened.

Afterwards, the memorial service began with the recitation of Namotassa three times and the congregation accepted the Five Precepts from the Sayadaw of Maha Thihanada Monastery.

The congregation led by the Senior General and wife showed deep reverence to the religious sermons recited by the monks.

The Senior General and wife presented offertories to the Sayadaw of Paukmyaing Monastery.

The Vice-Senior General and wife presented offertories to the Sayadaw of Maha Thihanada Monastery. The SAC Secretary and wife, the SAC Joint Secretary and wife, and SAC members and wives also presented offertories to the monks.

Sayadaw of Mingala Zayyon Monastery, Pali Tekkatho Agga Maha Pandita Agga Maha Saddhamma Jotikadhaja Bhaddanata Vimala Buddhi delivered a sermon. The congregation led by the Senior General and wife shared merits gained to the people including monks and laypersons, who died in the earthquake.

The congregation recited Buddha Sasanam ciramtithatu three times to mark the end of the religious event.

Afterwards, the Senior General and wife, the Vice-Senior General and wife and attendees offered day meal to Sayadaws.

**100**



General Nyo Saw and wife present offertories to a Sayadaw.



Lt-Gen Yar Pyae and wife present offertories to a Sayadaw.

# Farmers complete cultivation of black gram on more than 1,000 acres of croplands

KYAUKMYAUNG April 28

Statistics of Kyaukmyaung of Shwebo Township in Sagaing Region stated that a total of 1,291 acres of black gram has been planted in the sub-township.

Local authorities earmarked 1,265 acres of black gram in 2024-2025 cold season in Kyaukmyaung Sub-Township but farmers have so far planted 1,291 acres of crops exceeding the target cultivation.

Daw Khin Win, Head of Kyaukmyaung Sub-Township Agriculture Department remarked: "During the planting season for winter crops in the sub-township, a total of 1,265 acres of black gram were originally planned, but now 1,291 acres have been planted. This is an increase in the area planted beyond the initial plan. During the black gram planting season, necessary technologies, varieties, and pest and disease control methods are also being implemented in the field."

Officials of the Sub-Township Agriculture Department help local farmers use quality strains of crops, apply correct agricultural technologies, prevent pests, and systematically broadcast fertilizers so as to boost per-acre yield of crops.

This year, agricultural staff raise farmer awareness with provision of quality seeds, agricultural inputs and post-harvest technologies.

**SK**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ငလျင်ဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရန် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ပေးလျက်ရှိ

နေပြည်တော် ဧပြီ ၂၈

ငလျင်ဒဏ်သင့်ဒေသများတွင်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို အမြန်ဆုံးဖယ်ရှားနိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တစ်စိတ်တစ်ဒေသအသုံးပြုနိုင်ရန်အတွက် နိုင်ငံတော်မှအမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေများကို ထောက်ပံ့ပေးလျက်ရှိသည်။

ထိုသို့ထောက်ပံ့ပေးခဲ့ရာ ငလျင်ဒဏ်သင့်ဒေသများဖြစ်သည့် နေပြည်တော်ကောင်စီနယ်မြေအတွက် ငွေကျပ် ၁၀ ဘီလီယံ၊ စစ်ကိုင်းတိုင်းဒေသကြီးအတွက် ငွေကျပ်ဘီလီယံ ၅၀၊ မန္တလေးတိုင်းဒေသကြီးအတွက် ငွေကျပ်ဘီလီယံ ၆၀ နှင့် ရှမ်းပြည်နယ်အတွက် ငွေကျပ် ၅ ဘီလီယံတို့ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာနက နေပြည်တော်ကောင်စီနယ်မြေနှင့်တိုင်းဒေသကြီးတို့သို့ ထုတ်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ ရန်ပုံငွေထောက်ပံ့မှုများကို နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီးအလိုက် တာဝန်ရှိသူများက ငလျင်ဒဏ်သင့်ဒေသများ၌ ပျက်စီးသွားခဲ့သည့် ဘုရား၊ ပုထိုး၊ စေတီ၊ ကျောင်းကန်ဇရပ်များ၊ ရှေးဟောင်းသမိုင်းဝင်အဆောက်အအုံများ၊ ဘာသာရေးအဆောက်အအုံများနှင့်အခြားပြိုကျပျက်စီးခဲ့သော အဆောက်အအုံများမှ ပျက်စီးမှုများကို ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ၊ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အပြင် ပြည်သူလူထုအတွက် လိုအပ်သော ထောက်ပံ့မှုများ ဆောင်ရွက်ပေးခြင်းတို့ကို လျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရေး ကနဦးအသုံးပြုနိုင်ရန်အတွက် ထုတ်ပေးထားရှိကြောင်း သိရသည်။

(သတင်းစဉ်)



ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် ပျဉ်းမနားမြို့ အမှတ်(၁)မြို့မဈေးရှိ ပြိုကျပျက်စီးခဲ့သော အဆောက်အဦနေရာများတွင် တပ်မတော်သားများနှင့်ပူးပေါင်းအဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းပေးစဉ်။




ငလျင်ဒဏ်ကြောင့်ချွတ်ယွင်းပျက်စီးသွားသော တယ်လီဖုန်းတိုင်များနှင့် ဖိုက်ဘာကေဘယ်ကြိုးများအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်စဉ်။



စစ်ကိုင်းတိုင်းဒေသကြီး၌ ငလျင်ဒဏ်ကြောင့် သေဆုံးခဲ့သူများ၏မိသားစုဝင်များအား ထောက်ပံ့ငွေများ ပေးအပ်စဉ်။

# ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် အင်းလေးဒေသရှိ အခြေခံပညာကျောင်းများ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ကြည့်ရှုစစ်ဆေး၍ ဖြည့်ဆည်းဆောင်ရွက်ပေး

နေပြည်တော် ဧပြီ ၂၈

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ညောင်ရွှေမြို့နယ် အင်းလေးဒေသရှိ အခြေခံပညာကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ညောင်ရွှေမြို့နယ် အင်းလေးဒေသရှိ အခြေခံပညာမူလတန်းကျောင်း(ရှေ့ဝကြီး)၊ အခြေခံပညာအထက်တန်းကျောင်းခွဲ (အိုင့်ထောင့်ကြီး)၊ အခြေခံပညာအထက်တန်းကျောင်းခွဲ(ကေလာ)၊ အခြေခံပညာမူလတန်းကျောင်း(ဇရပ်ကြီး)၊ အခြေခံပညာမူလတန်းကျောင်း(ကြာတော)၊ အခြေခံပညာမူလတန်းကျောင်း(ပေါက်ပါး) ကျောင်းတို့သို့သွားရောက်၍ မတ်လ ၂၈ ရက်က ပြင်းထန်စွာလှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ကျောင်းဆောင်၊ စာသင်ဆောင်၊ အဆောက်အအုံများနှင့် ဇွန်လကျောင်းဖွင့်အမီ ယာယီကျောင်းဆောင်တည်ဆောက်ပေးနေမှုများကိုကြည့်ရှုစစ်ဆေးသည်။



ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် လာမည့်ပညာသင်ကာလအမီ ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် အခြေအနေကိုလိုက်၍ အသေးစားပြင်ဆင်ခြင်း၊ အကြီးစားပြင်ဆင်ခြင်းနှင့်ပြန်လည်အသုံးမပြုနိုင်တော့သည့်အဆောက်အအုံကို ဖြိုချရှင်းလင်းပြီး အသစ်ပြန်လည်တည်ဆောက်ခြင်း၊ ယာယီစာသင်ဆောင်တည်ဆောက်ပေးခြင်းတို့ကို အလျင်အမြန်ဆောင်ရွက်နေကြောင်း၊ လာမည့်ပညာသင်နှစ်တွင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးနှင့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူမှုအခွင့်အလမ်း အပြည့်အဝရရှိစေရေးအတွက် ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ငလျင်ဒဏ်သင့်ပညာရေးဝန်ထမ်း ဆရာ၊ ဆရာမများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြား၍ ထောက်ပံ့ငွေပေးအပ်ကာ ကျောင်းအတွက်လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့နယ်အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း(ရွှေညောင်)နှင့် အခြေခံပညာအထက်တန်းကျောင်း(ရွှေညောင်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် အခြေခံပညာအထက်တန်းကျောင်း(ရွှေညောင်)တွင် ပညာရေးနှင့်သင်ပြနည်းပညာဒီပလိုမာသင်တန်း (Dip.EP) တက်ရောက်နေကြသည့် ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဆရာ၊ ဆရာမများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။ (၅၀၀)

MILITARY

## တန်ချိန် ၁၀၀၀၀ သင်္ဘောများကိုရင်ဆိုင်မယ့် တန်ချိန် ၂၀၀ ရေယာဉ်များ

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရေတပ်က Type 22 အမြန်သွားတိုက်ခိုက်ရေးရေယာဉ်များကို တောင်တရုတ်ပင်လယ်ထဲမှာ ဖြန့်ကြက်ချထားလိုက်ပါတယ်။ အမေရိကန်ပြည်ထောင်စုက တရုတ်နိုင်ငံအနီးနားမှာ သူတို့ရဲ့ရပ်တည်မှုကို ပိုမိုခိုင်မာစေဖို့အတွက် ဆက်လက်လုပ်ဆောင်လာချိန်မှာ တရုတ်တပ်မတော်က အခုလိုဖြန့်ကြက်လိုက်တာပါ။

အမေရိကန်က တောင်တရုတ်ပင်လယ်ထဲမှာအသုံးပြုနေတဲ့စစ်ရေယာဉ်များက တန်ချိန် ၁၀၀၀၀ အထက်ရှိတဲ့ ရေယာဉ်ကြီးများဖြစ်ပါတယ်။ အခု တရုတ်တပ်မတော်က ဖြန့်ကြက်လိုက်တဲ့စစ်ရေယာဉ်တွေကတော့ တန်ချိန် ၂၀၀ သာရှိတာကို တွေ့ရပါတယ်။ အဲဒီအမြန်သွားစစ်ရေယာဉ်များက တန်ချိန်အားဖြင့်နည်းပါးတယ်ဆိုသော်ငြားလည်း စစ်ရေယာဉ်ကြီးများကို ထိရောက်စွာရင်ဆိုင်ဟန့်တားနိုင်စွမ်းရှိတယ်လို့ဆိုနိုင်ပါတယ်။

အထူးသဖြင့် Type 22 အမြန်သွားစစ်ရေယာဉ်တွေကိုကိုယ်ပျောက်နည်းပညာနဲ့တည်ဆောက်ထားတဲ့အတွက် အရေးကြီးတဲ့စစ်ဆင်ရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးလိုက်တဲ့သဘောပါပဲ။ မကြာသေးမီကလုပ်ဆောင်တဲ့ လေ့ကျင့်ခန်းတစ်ခုမှာဆိုရင် တန်ချိန် ၈၀၀၀ ကြားကနေ ၉၀၀၀ ကြားရှိတဲ့ စစ်ရေယာဉ်တစ်စင်းက သတ်မှတ်ရေယာထဲဝင်လာချိန်မှာ Type 22 ရေယာဉ်က လျှင်မြန်ဖျတ်လတ်လှတဲ့အရှိန်နဲ့သွားပြီး အဲဒီစစ်ရေယာဉ်ကို တားဆီးနိုင်စွမ်းရှိတယ်ဆိုတာကို တွေ့ရှိထားပါတယ်။ **Ref: IE K.H**



## မိုင်ပေါင်း ၁၈၅၀ ကို ဒရုန်းတံတိုင်းနဲ့ကာရံမယ့် NATO တပ်ဖွဲ့

NATO တပ်ဖွဲ့က သူ့ရဲ့အရှေ့ပိုင်းစည်းရိုးကို သူမတူတဲ့တံတိုင်းနဲ့ကာရံဖို့စီစဉ်လုပ်ဆောင်နေပါတယ်။ အဲဒီတံတိုင်းကတော့ ဒရုန်းတံတိုင်းပါပဲ။ ဒရုန်းတံတိုင်းစီမံကိန်းဟာ ကင်းထောက်ဒရုန်းများနဲ့ တန်ပြန်ဒရုန်းစနစ်များကို ချိတ်ဆက်ထားတဲ့ကွန်ရက်ကြီးတစ်ခုဖြစ်ပြီး သူ့ရဲ့သက်ရောက်မှုအကွာအဝေးက နော်ဝေမှသည် ပိုလန်နိုင်ငံအထိရှိမှာဖြစ်ပါတယ်။


ဒီစီမံကိန်းကို ဂျာမနီနိုင်ငံကဦးဆောင်နေတာဖြစ်ပြီး သူ့ရဲ့နောက်မှာ အက်စတိုးနီးယား၊ လတ်ဗီးယား၊ လစ်သူရေးနီးယား၊ ဖင်လန်၊ ပိုလန်နဲ့ နော်ဝေနိုင်ငံတို့ကလည်း ပါဝင်ထောက်ပံ့ပေးထားပါတယ်။ အဲဒီနိုင်ငံတွေအားလုံးက NATO အဖွဲ့ဝင်နိုင်ငံတွေချည်းပါပဲ။

NATO တပ်ဖွဲ့ဝင်နိုင်ငံတွေအားလုံးက သူတို့ရဲ့ကာကွယ်ရေးကဏ္ဍအတွက် အမေရိကန်နိုင်ငံအပေါ် မှီခိုနေရတာပါ။ ဒီစီမံကိန်းကတော့ အမေရိကန်အပေါ် မှီခိုနေရမှုကို လျှော့ချဖို့အတွက်လုပ်ဆောင်လာတာဖြစ်ပါတယ်။ ဒါကြောင့် အခုစီမံကိန်းက အမှတ်သင်္ကေတတစ်ခုအဖြစ်နဲ့လုပ်ဆောင်တဲ့စီမံကိန်းမဟုတ်ဘဲ အမှန်တကယ်အကောင်အထည်ဖော်ပြီး လက်တွေ့မှာ အလုပ်ဖြစ်တဲ့ စီမံကိန်းတစ်ခုဖြစ်တယ်လို့ တာဝန်ရှိသူကပြောပါတယ်။ **Ref: IE K.H**



HEALTH

## အမျိုးသားများမှာ တစ်ကြိမ်ထိုးရုံနဲ့ နှစ်နှစ်အထိအာနိသင်ရှိမယ့် သန္ဓေတားဆေးကို လက်တွေ့စမ်းသပ်မည်




အိမ်ထောင်သည်အမျိုးသမီးအများစုက သန္ဓေတားဖို့အတွက် ဟော်မုန်းတွေပါဝင်တဲ့ သန္ဓေတားဆေးတွေကို မတတ်သာလို့သာအသုံးပြုနေရတာပါ။ အခုတော့ အဲဒီဒုက္ခတွေကနေ ကင်းလွတ်တော့မှာပါ။ အကြောင်းရင်းကတော့ အမျိုးသားများမှာအသုံးပြုနိုင်မယ့် သန္ဓေတားဆေးထွက်ပေါ်လာတော့မှာမို့လို့ပါပဲ။

ကွန်ထရာလင်းဆိုတဲ့ ဇီဝနည်းပညာကုမ္ပဏီတစ်ခုက အမျိုးသားများမှာ တစ်ကြိမ်ထိုးလိုက်ရုံနဲ့ နှစ်နှစ်ကြာသည်အထိ သန္ဓေတားပေးနိုင်မယ့်ဆေးတစ်မျိုးကို တီထွင်နေတာ အခုဆိုရင်ပထမအဆင့်အောင်မြင်လို့ ဒုတိယအဆင့်အဖြစ် လူသားတွေနဲ့လက်တွေ့စမ်းသပ်ခွင့်ရရှိတော့မှာဖြစ်ပါတယ်။

စမ်းသပ်ခွင့်ရရှိသွားရင် ပထမဆုံးစမ်းသပ်သွားမယ့်နေရာက ဩစတြေးလျမှာဖြစ်ပါတယ်။ ဒီဆေးက ဘေးထွက်ဆိုးကျိုးလည်းမရှိဘူးလို့ဆိုပါတယ်။ **Ref: IE K.H**

## မျက်ကြောလွှာကိုစကန်ဖတ်ရုံဖြင့် စိတ်ကျန်းမာရေးကိုသိနိုင်မည်



Schizophrenia ဆိုတာ စိတ်ကျန်းမာရေးတစ်မျိုးပါ။ သူက လူတစ်ယောက်အနေနဲ့ ဘယ်လိုမျိုးတွေးခေါ်၊ ခံစား၊ ပြုမူတယ်ဆိုတဲ့အပေါ် သက်ရောက်မှုရှိစေတာဖြစ်ပါတယ်။ တစ်နည်းပြောရရင် အဲဒီရောဂါခံစားရသူတွေဟာ လက်တွေ့ဘဝနဲ့ကင်းကွာနေလေ့ရှိပါတယ်။

အခု ဖူးရစ်ဆေးရုံမှသုတေသနပညာရှင်များရဲ့လေ့လာစမ်းသပ်မှုအရဆိုရင် မျက်ကြောလွှာကို စကန်ဖတ်ပြီးစစ်ဆေးလိုက်ရုံနဲ့ အဲဒီလူဟာ Schizophrenia ရောဂါခံစားရနိုင်ခြေရှိ၊ မရှိကို ကြိုတင်သိရှိနိုင်တယ်လို့ဆိုပါတယ်။

မျက်ကြောလွှာပါးတဲ့သူတွေမှာ အဲဒီစိတ်ကျန်းမာရေးရောဂါကိုခံစားရနိုင်ခြေများတဲ့အတွက် အခုလိုမျိုးစောစောစီးစီးသိရှိလိုက်ခြင်းဟာ ရောဂါကိုကြိုတင်ကာကွယ်ကုသနိုင်စေမှာဖြစ်ပါတယ်။ အဲဒီမျက်ကြောလွှာဆိုတာ ဗဟိုအာရုံကြောစနစ်ကြီးရဲ့တစ်စိတ်တစ်ပိုင်းဖြစ်တာကြောင့် ဦးနှောက်ထဲမှာဖြစ်ပေါ်လာတဲ့ ပြောင်းလဲမှုက မျက်စိမှာလာပေါ်တာပါ။ **Ref: STD K.H**

## လည်မျိုကင်ဆာဖြစ်ပွားနိုင်ခြေလျှော့ချပေးမယ့် နည်းလမ်းသုံးသွယ်

လည်မျိုကင်ဆာဆိုတာ ယနေ့အခါမှာဖြစ်ပွားမှု လျင်မြန်စွာမြင့်တက်လာနေတဲ့ ကင်ဆာရောဂါတစ်မျိုးဖြစ်ပါတယ်။ HPV ဗိုင်းရပ် ကူးစက်ခံထားရသူတွေမှာသာမက အဲဒီဗိုင်းရပ်ကူးစက်မှုမခံရသူတွေမှာပါ လည်မျိုကင်ဆာကဖြစ်ပွားနေတာဖြစ်ပါတယ်။ ဒါကြောင့်လည်း လည်မျိုကင်ဆာဖြစ်ပွားမှုနဲ့ပတ်သက်ပြီး ကုသမှုပုံစံက မတူကွဲပြားနေကြတာဖြစ်ပါတယ်။

အခု မေယိုဆေးခန်းရဲ့ကင်ဆာဌာနမှ သုတေသနပညာရှင်များက လည်မျိုကင်ဆာဖြစ်ပွားမှုကို လျှော့ပေးနိုင်စေမယ့် နည်းလမ်းသုံးသွယ်ကို ထုတ်ပြန်လိုက်ပါတယ်။



အဲဒီနည်းလမ်းသုံးသွယ်ကတော့ ဆေးလိပ်နဲ့ဆေးရွက်ကြီးအသုံးပြုမှုကို ရှောင်ရှားခြင်း၊ အရက်သောက်သုံးမှုကို ကန့်သတ်ခြင်းနဲ့ HPV ဗိုင်းရပ်ကူးစက်မှုမရှိစေဖို့အတွက် ကာကွယ်ဆေးထိုးခြင်းတို့ပဲဖြစ်တယ်လို့ ပညာရှင်များကသတိပေးထားပါတယ်။ **Ref: STD K.H**

# ပါကစ္စတန်နှင့်တင်းမာမှုမြင့်မားနေချိန် အိန္ဒိယက ပြင်သစ်မှ Rafale တိုက်လေယာဉ် ၂၆ စင်းဝယ်ယူ

**နယူးဒေလီ၊ စစ်ရေး**

အိန္ဒိယနိုင်ငံက ပါကစ္စတန်နိုင်ငံနှင့်တင်းမာမှုမြင့်တက်နေချိန်တွင် ပြင်သစ်နိုင်ငံမှ Rafale တိုက်လေယာဉ် ၂၆ စင်းကိုဝယ်ယူလိုက်ကြောင်းသိရသည်။ အဆိုပါတိုက်လေယာဉ်များဝယ်ယူမှုသည် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၇ ဒသမ ၄၁ ဘီလီယံရှိပြီး ဝယ်ယူမှုအတွက်သဘောတူလက်မှတ်ထိုးလိုက်ပြီဖြစ်ကြောင်း တာဝန်ရှိသူများက ဧပြီလ ၂၈ ရက်တွင်ထုတ်ပြန်ကြေညာသည်။

အဆိုပါတိုက်လေယာဉ် ၂၆ စင်းတွင် တစ်ယောက်ထိုင်တိုက်ခိုက်ရေးလေယာဉ် ၂၂ စင်းနှင့် နှစ်ယောက်ထိုင်အမောင်းသင်လေယာဉ်လေးစင်းပါဝင်ကြောင်း၊ ယင်းတိုက်လေယာဉ်များကို ၂၀၃၁ ခုနှစ်တွင် အပြီးသတ်လွှဲပြောင်းပေးသွားရမည်ဖြစ်ကြောင်း သဘောတူညီချက်တွင်ဖော်ပြထားသည်။

ထို့ပြင် ယင်းသဘောတူညီချက်တွင် တိုက်လေယာဉ်များအတွက် ပြုပြင်ထိန်းသိမ်းမှု၊ လိုအပ်ချက်များကိုထောက်ပံ့ပေးမှုနှင့် လေယာဉ်မှူးများကိုသင်တန်းပေးမှုတို့ပါဝင်သည့်အပြင် လေယာဉ်အတွက်လိုအပ်သောအစိတ်အပိုင်းများကိုပြည်တွင်း၌ ထုတ်လုပ်မှုတို့လည်းပါဝင်ကြောင်း တာဝန်ရှိသူများကပြောသည်။

အိန္ဒိယနိုင်ငံက ပြင်သစ်နိုင်ငံမှ Rafale တိုက်လေယာဉ်များကိုဝယ်ယူခြင်းသည် ရေတပ်၏ လတ်တလောလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရန်၊ လေယာဉ်တင်သင်္ဘောအခြေပြု အင်ဂျင်နှစ်လုံးတပ်လေယာဉ်များကို ပြည်တွင်း၌ထုတ်လုပ်အသုံးပြုနိုင်သည့်အချိန်အထိ ကွာဟချက်ကိုဖြည့်တင်းပေးရန်တို့အတွက်ဖြစ်ကြောင်းသိရသည်။ **Ref: RT**



# ရုရှားက မဟာအောင်ပွဲနေ့အထိမ်းအမှတ် သုံးရက်ကြာအပစ်အခတ်ရပ်စဲမည်

**မော်စကို၊ စစ်ရေး**

ရုရှားသမ္မတဗလာဒီမာပူတင်က နှစ်(၈၀)ပြည့် မဟာအောင်ပွဲနေ့အထိမ်းအမှတ်အဖြစ် ယူကရိန်းနိုင်ငံနှင့်သုံးရက်ကြာအပစ်အခတ်ရပ်စဲမည်ဖြစ်ကြောင်း ဧပြီလ ၂၈ ရက်တွင်ထုတ်ပြန်သည်။

အဆိုပါအပစ်အခတ်ရပ်စဲခြင်းကို မေလ ၇ ရက်ညသန်းခေါင်ယံအချိန်မှ မေလ ၁၀ ရက် ညသန်းခေါင်ယံအချိန်အထိ အချိန်သတ်မှတ်ထားကြောင်း ရုရှားသမ္မတရုံးက ထုတ်ပြန်ထားသည်။

ယင်းကဲ့သို့အပစ်အခတ်ရပ်စဲထားစဉ်ကာလအတွင်း တိုက်ခိုက်မှုဆိုင်ရာစစ်ဆင်ရေးများအားလုံးကို ရပ်တန့်သွားမည်ဖြစ်ပြီး ယူကရိန်းအနေဖြင့်လည်း ယင်းနည်းလမ်းအတိုင်းလိုက်နာကျင့်သုံးသွားမည်ဟု ရုရှားဘက်ကယုံကြည်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထို့ပြင် ယူကရိန်းစစ်ဘက်က ယခုချမှတ်ထားသည့်အပစ်အခတ်ရပ်စဲရေးကိုချိုးဖောက်လာလျှင် ရုရှားတပ်မတော်က ထိထိရောက်ရောက်လက်တုံ့ပြန်သွားမည်ဖြစ်ကြောင်းနှင့် ရုရှားအစိုးရသည် ကြိုတင်သတ်မှတ်ချက်များမပါသော ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက်အသင့်ရှိကြောင်း ထုတ်ပြန်ထားသည်ဟုသိရသည်။ **Ref: Sputnik**



# ကမ္ဘာတစ်ဝန်း၌ စစ်ရေးအသုံးစရိတ်က ဒေါ်လာ ၂ ဒသမ ၇ ထရီလီယံရှိ

**စတော့ဟုမ်း၊ စစ်ရေး**

၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်း၌ အသုံးပြုသည့်စစ်ရေးအသုံးစရိတ်သည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ ထရီလီယံအထိရှိကြောင်း စတော့ဟုမ်းနိုင်ငံတကာငြိမ်းချမ်းရေးသုတေသနအဖွဲ့က ထုတ်ပြန်ထားသည်။

ပြီးခဲ့သည့်နှစ်အတွင်း နိုင်ငံပေါင်း ၁၀၀ ကျော်သည် စစ်ရေးအသုံးစရိတ်ကိုတိုးမြှင့်သုံးစွဲခဲ့ကြောင်း၊ ထိုနိုင်ငံများအနက် အမေရိကန်နိုင်ငံသည် စစ်ရေးအသုံးစရိတ်ကိုအများဆုံးတိုးမြှင့်သုံးစွဲသူဖြစ်ကြောင်းနှင့် ၎င်း၏တိုးမြှင့်သုံးစွဲမှုပမာဏသည် ၅ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်လာပြီး ဒေါ်လာ ၉၉၇ ဘီလီယံအထိရှိကြောင်း ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။

အမေရိကန်နိုင်ငံ၏နောက်တွင် ဥရောပဒေသက စစ်ရေးအသုံးစရိတ်သုံးစွဲမှုဒုတိယအမြင့်ဆုံးဖြင့်ရပ်တည်နေပြီး ဒေါ်လာ ၆၉၃ ဘီလီယံအထိ ၁၇ ရာခိုင်နှုန်းတိုးမြှင့်သုံးစွဲလာခြင်းဖြစ်သည်။

ထို့ပြင် ဂျာမနီနိုင်ငံသည် စစ်ရေးအသုံးစရိတ်ကို ဒေါ်လာ ၈၈ ဒသမ ၅ ဘီလီယံအထိ ၂၈ ရာခိုင်နှုန်းတိုးမြှင့်သုံးစွဲလာသည့်အတွက် အလယ်ဥရောပနှင့်အနောက်ဥရောပဒေသမှာပါ အသုံးစရိတ်အမြင့်ဆုံးနိုင်ငံဖြစ်လာသည်။ **Ref: Sputnik**

## သတင်းတိုကဏ္ဍ

### ရုရှားက မြောက်ကိုရီးယားကို ကူညီကာကွယ်ပေးသွားမည်ဟု ကရင်မလင်ထုတ်ပြန်

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် လိုအပ်လာပါက ရုရှားနိုင်ငံက မြောက်ကိုရီးယားနိုင်ငံကို ကူညီကာကွယ်ပေးသွားမည်ဖြစ်ကြောင်း ကရင်မလင်နန်းတော်က ထုတ်ပြန်ထားသည်။

မြောက်ကိုရီးယားစစ်သည်များသည်ခုရ်(စ်)ဒေသလွတ်မြောက်ရေးအတွက်ကြိုးပမ်းရာတွင် ရဲဝံ့စွန့်စားမှုရှိစွာ ကူညီမှုများပေးခဲ့ကြောင်း ရုရှားစစ်ဦးစီးအရာရှိချုပ်ဗယ်လာရီဂျီရာမီဆော့ကပြောထားသည်။

ထို့နောက် ဧပြီလ ၂၈ ရက်တွင် သတင်းထောက်များက ရုရှားအနေဖြင့် မြောက်ကိုရီးယားနိုင်ငံကို စစ်ရေးအကူအညီများပေးရန် အသင့်ရှိ၊ မရှိနှင့်ပတ်သက်၍ မေးမြန်းရာ သမ္မတရုံးမှပြောရေးဆိုခွင့်ရှိသူဒီမီထရီပက်စကော့က ယခုကဲ့သို့ပြောလာခြင်းဖြစ်သည်။

နှစ်နိုင်ငံကြား သဘောတူညီချက်က အသက်ဝင်နေပြီဖြစ်ကြောင်း၊ နှစ်နိုင်ငံစလုံးသည် တစ်နိုင်ငံကလိုအပ်ပါက တစ်နိုင်ငံကလိုအပ်ချက်ကို ချက်ချင်းကူညီဖြည့်ဆည်းပေးသွားရန် သဘောတူညီချက်ကို လိုက်နာလျက်ရှိကြောင်း ပက်စကော့ကပြောထားသည်။ **Ref: RT**

### လာမည့်ငါးနှစ်အတွင်း စက်ရုပ်များက လူသားခွဲစိတ်ဆရာဝန်များ၏နေရာကိုယူမည်ဟုဆို

လာမည့်ငါးနှစ်အတွင်း စက်ရုပ်များက လူသားခွဲစိတ်ဆရာဝန်များ၏နေရာကို အစားထိုးဝင်ယူကာ သာမန်လူတစ်ဦးအနေဖြင့် လုပ်ဆောင်ရန်မဖြစ်နိုင်သောခွဲစိတ်မှုများကိုပင် လုပ်ဆောင်လာနိုင်စေမည်ဖြစ်ကြောင်း အီလွန်မတ်ကပြောထားသည်။

အီလွန်မတ်သည် ၎င်း၏နျူရယ်လင့်ကုမ္ပဏီအနေဖြင့် ဦးနှောက်အတွင်းသို့ ကွန်ပျူတာချစ်ပြားများကို ထည့်သွင်းရာတွင် စက်ရုပ်ခွဲစိတ်ဆရာဝန်များကိုအသုံးပြုနေရကြောင်း၊ ထိုသို့ခွဲစိတ်မှုလုပ်ရာတွင် မြန်ဆန်မှုနှင့်တိကျမှုလိုအပ်သောကြောင့် လူသားများအနေဖြင့်လုပ်ဆောင်နိုင်စွမ်းမရှိကြောင်း လူမှုကွန်ရက်တွင်ရေးသားထားသည်။

လူသိများသော လူမှုကွန်ရက်အသုံးပြုသူတစ်ဦးဖြစ်သည့် မာရီယိုနော်ဖယ်က စက်ရုပ်ခွဲစိတ်ဆရာဝန်များသည် ကျောက်ကပ်နှင့်ဆီးအိမ်တို့အပါအဝင် အရေးပါသည့်ခွဲစိတ်မှုများကိုလုပ်ဆောင်ထားနိုင်ကြောင်းပြောထားသည်။ **Ref: RT**

### ပုပ်ရဟန်းမင်းကြီးအသစ်ရွေးကောက်ပွဲကို မေလ ၇ ရက်တွင်စတင်မည်

ပုပ်ရဟန်းမင်းကြီးဖရန်စစ်ကွယ်လွန်ပြီးနောက် နောက်ထပ်ပုပ်ရဟန်းမင်းကြီးကိုရွေးချယ်မည့်ရွေးကောက်ပွဲကို မေလ ၇ ရက်တွင် စတင်မည်ဖြစ်ကြောင်း ဗာတီကန်နန်းတော်က ဧပြီလ ၂၈ ရက်တွင် ထုတ်ပြန်ထားသည်။

ဧပြီလ ၂၈ ရက်တွင် ကမ္ဘာတစ်ဝန်းမှ ကာဒီနယ်များတွေ့ဆုံဆွေးနွေးပြီးနောက် ပုပ်ရဟန်းမင်းကြီးအသစ် ရွေးကောက်တင်မြှောက်မှုကို မေလ ၇ ရက်တွင်စတင်ရန်သဘောတူလိုက်ခြင်းဖြစ်သည်။

ကာဒီနယ်များသည် လျှို့ဝှက်မဲပေးရွေးချယ်ပွဲတွင် တစ်ရက်လျှင်မဲလေးကြိမ်ပေးရမည်ဖြစ်ပြီး ကိုယ်စားလှယ်လောင်းတစ်ဦးတည်းကသာ မဲရလဒ်၏သုံးပုံနှစ်ပုံကိုရရှိသည်အထိ ကာဒီနယ်များက မဲပေးရမည်ဖြစ်သည်။

ပုပ်ရဟန်းမင်းကြီးရွေးချယ်ပွဲတွင် အသက် ၈၀ အောက်ရှိသည့် ကာဒီနယ်များသာ ရွေးကောက်ခံပိုင်ခွင့်ရှိပြီး လက်ရှိတွင် ထိုသို့ရွေးကောက်ခံပိုင်ခွင့်ရှိသူကာဒီနယ် ၁၃၅ ဦးရှိကာ အများစုကို ပုပ်ရဟန်းမင်းကြီးဖရန်စစ်က ခန့်အပ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ **Ref: TST**

### ဒေဂူးမြို့၌ တောမီးလောင်မှုကြောင့် လူဦးရေ ၁၂၀၀ ကျော်ကို ဘေးကင်းရာသို့ရွှေ့ပြောင်း

တောင်ကိုရီးယားနိုင်ငံ ဒေဂူးမြို့၌ဖြစ်ပွားသောတောမီးလောင်မှုကြောင့် ဧပြီလ ၂၈ ရက်တွင် မြို့တွင်းရှိလူဦးရေ ၁၂၀၀ ကျော်ကို ဘေးကင်းရာသို့ရွှေ့ပြောင်းပေးထားရကြောင်းသိရသည်။

အဆိုပါတောမီးသည် ဒေသစံတော်ချိန်မွန်းလွဲ ၂ နာရီခန့်တွင်စတင်လောင်ကျွမ်းခြင်းဖြစ်ပြီး လောင်ကျွမ်းချိန်နှစ်နာရီဝန်းကျင်အတွင်းမှာပင် ဧရိယာ ဟက်တာ ၅၀ ကိုပျံ့နှံ့သွားကြောင်း တောင်ကိုရီးယားသစ်တောဌာနက ထုတ်ပြန်ထားသည်။

ယင်းတောမီးကို ငြိမ်းသတ်နိုင်စေရန် ရဟတ်ယာဉ် ၂၆ စင်းနှင့် မီးသတ်သမား ၂၀၂ ဦးတို့ကိုအသုံးပြုလျက်ရှိကြောင်းနှင့် ဂျောင်ဘူးအမြန်လမ်းပိုင်းတစ်နေရာကို ပိတ်ထားရကြောင်း သစ်တောဌာန၏ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။

တောင်ကိုရီးယားနိုင်ငံသည် ပြီးခဲ့သည့်လတွင် နိုင်ငံ၏အဆိုးဆုံးသောသဘာဝမီးဘေးအန္တရာယ်နှင့်ရင်ဆိုင်ခဲ့ရကာ လူ ၃၀ သေဆုံးပြီး သမိုင်းဝင်ဘုရားကျောင်းများမီးလောင်ပျက်စီးသွားရကြောင်းသိရသည်။ **Ref: RTA**

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

မိုးကလည်း ရွာတုန်း၊ လေကလည်း တိုက်တုန်းပင်ရှိ၏။ ကျွန်ုပ်သည် ဖောင်တဲကလေးထဲ၌ ဆောင့်ကြောင့်ထိုင်လျက်ရှိစဉ် ဒကာသုံးလေးယောက်နှင့် ဒကာမနှစ်ယောက်တို့သည် ကျွန်ုပ်အား ဝိုင်းရံကာ ထိုင်လျက်ရှိကြ၏။ စက်စက်ကျအောင် စိုရွှဲလျက်ရှိသော သင်္ကန်းကိုညှစ်၍လည်း လွှားခွင့်မရ၊ လဲလှယ်ရန်လည်းမရှိဘဲ ကျွန်ုပ်သည် လူများအလယ်၌ ရေစက်လက်နှင့်ထိုင်နေရစဉ် လုံခြုံစွာ ကာရံထားသည် မဟုတ်သော ဖောင်တဲထဲသို့ တိုးဝင်တိုက်ခတ်သောလေကြောင့် သင်္ကန်းသည် ရေခဲပမာ အေးမြလာသဖြင့် ကျွန်ုပ်တစ်ကိုယ်လုံးမှာ ခိုက်ခိုက်တုန်လျက်ရှိလေပြီ။ "ဦးပဉ္ဇင်း အေးရှာတယ်"ဟု ဒကာမများက ပြောရုံသာ ပြောနိုင်၍ ဘာမျှမတတ်နိုင်ချေ။ ကျွန်ုပ်တစ်ကိုယ်လုံးတုန်လိုက်ပုံမှာ ငှက်ဖျားတက်သကဲ့သို့ ရှိတော့သည်။ ဒကာများနှင့် ဒကာမများက ကရုဏာသက်သောမျက်နှာထားများနှင့် ကျွန်ုပ်အား ကြည့်နေကြစဉ် ကျွန်ုပ်က တုန်၍ပြနေရသည်မှာ ရှက်စရာကောင်းသည်ဟု အောက်မေ့လာတော့သည်။ ဤတွင်မှ ကျွန်ုပ်သည် တုန်နေသော လက်မောင်းများကို စေ့စေ့ပါအောင် ကြည့်လျက် 'မတုန်နဲ့' ဟု အမိန့်ပေးလိုက်၏။ နောက်တစ်ခဏ၌ မြီးညောင်းရိုးဆီမှစ၍ ရေနွေးအိတ်တင်ပေးလိုက်သည့်နှယ် နွေးခနဲဖြစ်လာ၍ ကျောတစ်လျှောက်လုံး တက်လာပြီးလျှင် တစ်ကိုယ်လုံး ငြိမ်သက်သွားတော့သည်။ ထိုအခါမှစ၍ စောစောက ဤအကြောင်းကို သတိမရကောင်းလေလောဟု ကိုယ့်ဟာကိုယ် ပြုံးမိသေးသည်။

## တတိယအကြိမ်

တတိယအကြိမ်မှာ ဆရာတော်များအလယ်၌ အသရေဆယ်ခဲ့နိုင်ခြင်းပင်ဖြစ်သည်။ တစ်ခုသော မျက်နှာကြီး ဆွမ်းကျွေးတွင် ရဟန်းတော်လေးငါးဆယ်ခန့်ပင့်ဖိတ်ထားရာ ကျွန်ုပ်မှာ ဝါနုသော ရဟန်းတစ်ပါးမျှသာဖြစ်သော်ငြားလည်း ခေတ်ပညာတတ်ရဟန်းကလေးဖြစ်သည်ဆို၍ မြတောင်ဆရာတော်ဘုရားကြီးက ၎င်းတို့ ဆရာတော်ဘုရားကြီးများ၏ ဆွမ်းဝိုင်းသို့ ခေါ်ယူဆွမ်းစားစေသည်။ ကျွန်ုပ်တို့၏ဆွမ်းဝိုင်း၌ ကျွန်ုပ်မှတစ်ပါး ကြွင်းကျန်သော ပုဂ္ဂိုလ်ကြီးများသည် ဤရွာထိုရွာတို့မှ ကျောင်းထိုင်ပုဂ္ဂိုလ် ထိပ်သီးကြီးများ ဖြစ်ကြသည်။ ဆွမ်းဘုဉ်းပေးကြစဉ် ကျွန်ုပ်သည် ကြာဆံဟင်းချိုတစ်ဇွန်းကို လှမ်းယူ၍ သောက်လိုက်မိရာ ငရုတ်ကောင်းခတ်ထားသည့်အတွက် မွန်တက်သွားပြီး လည်ချောင်းထဲ၊ နှာခေါင်းထဲမှ ယားကျိကျိဖြစ်ကာ ခွီးခနဲသီးတော့မည့်ဆဲဆဲဖြစ်နေ၏။ အကယ်၍ သီးလိုက်မိချေသော် ဆွမ်းတစ်ဝိုင်းလုံး ပေရေညစ်ပတ်သွားပြီး စားဖို့ကောင်းတော့မည်မဟုတ်ဘဲ ကျွန်ုပ်လည်း အရှက်ကွဲရချေတော့မည်။ ဤအခြင်းအရာကို ရိပ်ခနဲသတိရလိုက်မိသော ကျွန်ုပ်သည် လည်ပင်းကို ရုတ်တရက်ကိုင်လျက် မသီးနဲ့ဟု အမိန့်ပေးလိုက်ရာ မွန်တက်ခြင်း ရုတ်တရက်ပျောက်သွား၍ ကောင်းမွန်စွာ ဆက်လက်ဆွမ်းစားနိုင်ပါတော့သည်။ ဤသုံးကြိမ်အနက် တတိယအကြိမ် အောင်မြင်ခြင်းအတွက် ဝမ်းသာ၍မဆုံးဖြစ်ခဲ့ရပါတော့သည်။

## မြတောင်၊ ဝက်လက်၊ ရန်ကုန်

မိဘများရော ကျွန်ုပ်ပါ ငွေကြေးပါးရှားသောအခိုက်ဖြစ်သည်နှင့် ဆေးကောင်းဝါးကောင်းမှီဝဲရန် မတတ်နိုင်ဘဲရှိရာတွင် ကျွန်ုပ်၏အဖျားမှာ ငှက်ဖျားဖြစ်သည်ဟု သိသော်လည်း နှစ်လခန့်မျှ ခံလိုက်ရသည်။ ကျွန်ုပ်အဖို့မှာ ဒုတိယအကြိမ်ငှက်ဖျားဖြစ်ခြင်းကြောင့် မသေနိုင်ဟု အရမ်းစိတ်ချထားသည်နှင့် မည်မျှလောက် အဖျားကြီးသည်ဖြစ်စေ မိမိအတွက် စိုးရိမ်ကြောင့်ကြခြင်းမရှိ။ ကွီနိုင်ဆေးမျှလောက်ဖြင့် တဖြည်းဖြည်း နာလန်ထူခဲ့ရသည်။ ဖခင်သည် ရက်သတ္တတစ်ပတ်ခန့်လောက်တွင် ပြန်သွား၍ မိခင်မူကား ကျွန်ုပ်တို့နှင့်အတူ နေရစ်ခဲ့သည်။ နှစ်လခန့်ကြာ၍ အဖျားလွတ်သောအခါ ကျွန်ုပ်မှာ အသားမရှိသလောက်ဖြစ်၍ အရိုးနှင့် အရေမျှသာ ကျန်ခဲ့ပါသည်။ ကောင်းစွာကျန်းမာလာသောအခါ ကျွန်ုပ်တို့သုံးယောက်သည် ဝက်လက်သို့ ပြန်ကြ၍ ယခင်အတိုင်း ဝိုင်းလုပ်ဝိုင်းစားနေထိုင်ကြပြန်လေသည်။ ယင်းသို့ရှိစဉ် ညီတော်မောင်၏ သားရေလုပ်ငန်းမှာ ဈေးမကိုက်ဘဲရှိသည်နှင့် ကျွန်ုပ်သည် သူရိယတိုက်တွင် အတူတကွအလုပ်လုပ်ခဲ့ဖူးသည့် (လွယ်အိတ်) ကိုဘလှိုင်ထံသို့ အလုပ်အကိုင်နှင့်ပတ်သက်၍ စုံစမ်းသော စာတစ်စောင် ထည့်လိုက်၏။ ကိုဘလှိုင်မှာ ထိုအခါ၌ နယူးဘားမား ရက်ခြားအင်္ဂလိပ်သတင်းစာထုတ်ဝေလျက်ရှိရာ ကျွန်ုပ်အား ၎င်းတို့၏တိုက်၌ အတွင်းရေးမှူး (Secretary) လုပ်လိုလျှင် လခ ၁၀၀ ကျပ်ပေးနိုင်၍ ရှေ့အဖို့၌လည်း တိုးတက်ရန်ရှိကြောင်းနှင့် စာတစ်စောင်ပြန်လိုက်ပေသည်။ လခ ၁၀၀ ကျပ်သည် မများလှသော်လည်း (၁၉၂၆ ခုနှစ်) ထိုစဉ်ကမူ ခြိုးခြံစွာ သုံးစွဲပါက ဝမ်းဝနိုင်သည့်ပြင် ရန်ကုန်သို့ရောက်လျှင် ဝတ္ထုရေးဖို့အတွက်လည်း ပုံနှိပ်တိုက်များနှင့် ဆက်သွယ်နိုင်သေးသည်ဆိုကာ လက်ခံလိုက်ပါတော့သည်။

## နယူးဘားမားတိုက်

၁၉၂၆ ခုနှစ် မတ်လတွင် ကျွန်ုပ်တို့ ဇနီးမောင်နှံနှင့် ညီတော်မောင်တို့သည် မိဘများနှင့်ခွဲခွာ၍ ရန်ကုန်မြို့သို့ ဆင်းလာခဲ့ကြလေ၏။ ထိုစဉ်ကပင် ရန်ကုန်မြို့၌ နေထိုင်ရန် အိမ်ရဖို့ခဲယဉ်းနေပြီဖြစ်သော်လည်း ကျွန်ုပ်တို့သည် ကုန်သည်လမ်း၌ ဆိုင်ခင်းလျက်ရှိသော မိတ်ဆွေ ကိုခင်မောင်တင့်၏ တိုက်ခန်း၌ ရက်အနည်းငယ်မျှသာ တည်းခိုပြီးနောက် အလွန်ကံကောင်းစွာနှင့် စမ်းချောင်းရပ် စမ်းချောင်းလမ်းတွင် အိမ်ခန်းတစ်ခန်းရရှိပါသည်။ ရန်ကုန်မြို့၌ အလုပ်ရဖို့နှင့် အိမ်ခန်းရဖို့မှာ အတူတူပင်ခဲယဉ်းခဲ့ရာ အလုပ်ရောနေစရာပါ ရှောရှောရှူရှူရလိုက်ခြင်းအတွက် ကံကောင်းလှသည်ဟု ဝမ်းသာမိပါသည်။ ဤကား ဟုတ်လှပါပြီ။ သို့ရာတွင် သတင်းစာတိုက်တစ်တိုက်၌ အတွင်းရေးမှူး အလုပ်ဟူသည်မှာ မည်သည့်အလုပ်မျိုးပေနည်း။

ကျွန်ုပ်သည် ကလောင်ဖြင့် အသက်မွေးသော အလုပ်မျိုးကို သဘောကျသည့်အလျောက် ယင်းအလုပ် နှစ်မျိုးတတ်ခဲ့ပါသည်။ စာရေးအလုပ်မှာလည်း တစ်နည်းအားဖြင့် 'ကလောင်' အလုပ်ဟူ၍ ခေါ်နိုင်ပါသည်။ ဤနှစ်မျိုးအနက် ကျွန်ုပ်သည် စာရေးအလုပ်မျိုးကိုမကြိုက်။ ကိုယ်ပိုင်ဉာဏ်ကလေးထုတ်၍ ရေးရသော စာရေးဆရာ သို့မဟုတ် သတင်းစာဆရာအလုပ်မျိုးကို ပို၍နှစ်သက်၏။ နယူးဘားမားသတင်းစာတိုက်သို့ ရောက်သွားသောအခါ ကျွန်ုပ်စိုးရိမ်သည့်အတိုင်း အတွင်းရေးမှူးအလုပ်မှာ စာရေးတစ်ပိုင်း၊ အုပ်ချုပ်ရေးတစ်ပိုင်း အလုပ်မျိုးဖြစ်ခြင်းကို တွေ့ရ၍ ကျွန်ုပ် အတော်တုန်လှုပ်သွား၏။ မန်နေဂျင်းအယ်ဒီတာဖြစ်သော ကိုဘလှိုင်မှာ ကျွန်ုပ်အား အတော်ခင်မင်အားကိုးပုံရ၍ လူတော်တစ်ယောက်ဟု မှတ်ယူသည့်လက္ခဏာနှင့် တာဝန်များလွှဲပေး၏။ ကျွန်ုပ်မူကား စာရေးရုံသာရေးချင်ပြီး စီမံအုပ်ချုပ်သော အလုပ်မျိုးကို အတော်ရွံမုန်းသူဖြစ်၏။ အလုပ်တိုက်သို့ရောက်၍ ကျွန်ုပ်၏တာဝန်များကို ခွဲဝေပေးလိုက်ကတည်းက 'ငါကား ဤအလုပ်မျိုး၌ ကြာရှည်စွာ လုပ်နိုင်မည့် လူတစ်ယောက်မဟုတ်'ဟူ၍ ဆုံးဖြတ်လိုက်လေပြီ။ ကျွန်ုပ်၏အလုပ်ကား စာပေးစာယူ အနည်းငယ်ပါရှိသည့်အပြင် မန်နေဂျာကိုဘလှိုင် လက်မှတ်ထိုးစေဖို့အတွက် ကျွန်ုပ်က တာဝန်ခံအနေဖြင့် လက်မှတ်အတိုထိုးရခြင်း၊ အရောင်းအဝယ် ငွေထုတ်၊ ငွေသွင်းမှစ၍ အလုပ်သမားနှင့် ကုမ္ပဏီဖြစ်စေ၊ အပြင်လူနှင့် ကုမ္ပဏီဖြစ်စေ ဆက်ဆံမှုဟူသမျှတွင် ကျွန်ုပ်၏ လက်မှတ်တိုပါရသည်ချည်းဖြစ်ရာ တစ်နေ့လုံး လက်မှတ်တိုကလေးတွေ ရေးထိုးနေရသည်နှင့်ပင် အချိန်ကုန်၏။ ဤမျှသာမကသေး၊ ထွက်သွားသော အတွင်းရေးမှူးဟောင်းက လက်မှတ်တိုကလေးမထိုးဘဲ ထားခဲ့သော ဘောက်ချာများကိုလည်း (ဘယ်နှလအတွက်မသိ) ကျွန်ုပ်က မှန်၊ မမှန်စစ်ဆေးပြီး လက်မှတ်တို ထိုးဖို့ ကိုဘလှိုင်က တာဝန်ပေးထား၏။ သို့ဖြစ်၍ ကျွန်ုပ်မှာ ဘောက်ချာအသစ်များ မရောက်လာသေးသည့်အချိန်များတွင် ဘောက်ချာဟောင်းဖိုင်ကြီးများကိုလှန်ကာ လက်မှတ်တို ထိုးရလေသည်။

## ကာလဝိပါက် နောက်ပိုးတက်ခြင်းလော

တစ်နေ့သ၌ ကျွန်ုပ်သည် သူရိယတိုက်တွင် တိုက်အုပ် ဦးလှဖေမရှိတော့ဘဲ ဦးဘဖေက မန်နေဂျင်းဒါရိုက်တာနေရာတွင် လုပ်ကိုင်လျက်ရှိကြောင်း သတင်းကြားသည်နှင့် ဝတ္ထုများရေးဖို့ အဆက်အသွယ်လုပ်ရန် ရောက်သွား၏။ ဦးဘဖေက ရှေးကအတိုင်းမှီးသော ဝတ္ထုများရေးဖို့ ပြောသည်နှင့်သဘောတူလက်ခံခဲ့ပါသည်။ ထို့နောက် ကျွန်ုပ်နှင့် အကျွမ်းဝင်ဖူးသည့် စာရေးတစ်ယောက်ထံသို့ဝင်၍ တိုက်သားဟောင်းများအကြောင်း စုံစမ်းမေးမြန်းရာ အံ့ဩဖွယ်သောသတင်းများ ကြားခဲ့ရ၏။

**ဆက်လက်ဖော်ပြပါမည်။**

# Export ဆောင်ရွက်နေသည့် ဆန်စက်ကြီးများတွင် Solar Energy စတင်တပ်ဆင်ရန်စီစဉ်နေ

ရန်ကုန် ဧပြီ ၂၈

ဆန်စက်ကြီးများတွင် လိုအပ်သော နည်းပညာများပေးနိုင်ရန်နှင့် ထုတ်လုပ်မှုကုန်ကျစရိတ်များသက်သာစေရန် Export ဆောင်ရွက်နေသည့်ဆန်စက်ကြီးများတွင် ၄၁ ဒသမ ၅ မဂ္ဂါဝပ် Solar Energy စတင်တပ်ဆင်ရန်စီစဉ်နေကြောင်း သိရသည်။

"Export ဆောင်ရွက်နေတဲ့ ဆန်စက်ကြီးတွေမှာ ဆိုလာတပ်ဆင်ဖို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့ သက်ဆိုင်ရာဌာနဆိုင်ရာတွေကို တင်ပြပြီး ဆောင်ရွက်မှာပါ။ ဆန်စက်အလုံး ၃၀ လောက်မှာ ဆိုလာ ၄၀ မဂ္ဂါဝပ် တပ်ဆင်နိုင်တာက နိုင်ငံတော်အတွက် ၄၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံတစ်ရုံတည်ဆောက်လိုက်တာနဲ့ အတူတူပါပဲ"ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်ကပြောသည်။

လက်ရှိတွင် ၄၁ ဒသမ ၅ မဂ္ဂါဝပ် Solar Energy များကို Export ဆောင်ရွက်နေသည့် ဆန်စက်အလုံး ၃၀ တွင် စတင်တပ်ဆင်ရန်စီစဉ်နေကြောင်း၊ ဆန်စက်ကြီးများတွင် Solar Energy တပ်ဆင်သုံးစွဲနိုင်ရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် Solar Energy ကုမ္ပဏီ ၁၁ ခုတို့ လက်မှတ်ရေးထိုးထားပြီးဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ Solar Energy ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်ရရှိမည့် လျှပ်စစ်ဓာတ်အားကို ဝယ်ယူသုံးစွဲရေး၊ လယ်ယာသီးနှံများတွင် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်မည့်ကိစ္စများ စသည်တို့ကိုလည်း ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။KK



**မေလ ၅ ရက်တွင်ကျရောက်မည့် (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဧပြီလ ၂၇ ရက်က ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၁၄) ရပ်ကွက် မိုးကောင်းဘုရားလမ်းရှိ မိုးကောင်းဆုတောင်းပြည့်စေတီတော်ကြီးတွင် ရန်ကင်းမြို့နယ် မီးသတ်ဦးစီးမှူးဦးဆောင်သည့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တနင်္ဂနွေသန့်ရှင်းရေးအသင်းနှင့် မိုးစေတနာပရဟိတအသင်းတို့မှ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။** ချမ်းမြေ့

# ငလျင်ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ပြည်တွင်း/ပြည်ပမှ အကူအညီ၊ အထောက်အပံ့ ရရှိနိုင်ရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဧပြီ ၂၈**

ငလျင်ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ပြည်တွင်း/ပြည်ပမှ အကူအညီ၊ အထောက်အပံ့များရရှိနိုင်ရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာငွေရှာဖွေရေးနှင့်ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကော်မတီဒုတိယဥက္ကဋ္ဌ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ငလျင်ဘေးတုံ့ပြန်ဆောင်ရွက်မှုနှင့် ပြန်လည်ထူထောင်ရေးအတွက် လက်ရှိကာလအထိ အလှူငွေလက်ခံရရှိမှု အခြေအနေများ၊ ငလျင်ဘေးပြန်လည်ထူထောင်ရေးအတွက် သုံးစွဲဆောင်ရွက်မည့် ကိစ္စရပ်များနှင့် ပြည်တွင်း/ပြည်ပမှအကူအညီ၊ အထောက်အပံ့ရနိုင်ရေးနည်းလမ်းများကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းများအနေဖြင့် ဝိုင်းဝန်းဆွေးနွေးပေးကြရန် ပြောကြားသည်။



ဆက်လက်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် နိုင်ငံတော် Budget မှ ရန်ပုံငွေခွင့်ပြုချက်ရရှိထားမှုအခြေအနေ၊ ၂၀၂၁ ခုနှစ် မတိုင်မီကာလက ပြည်တွင်း/ပြည်ပမှ အကူအညီ၊ အထောက်အပံ့ရရှိမှုအခြေအနေများ၊ လက်ရှိကာလတွင် အကူအညီ၊ အထောက်အပံ့ရနိုင်ရေးဆောင်ရွက်မည့်ကိစ္စရပ်များကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ငလျင်ဘေးဖြစ်ပွားပြီးနောက် ကာလအတွင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေ၏ ရရှိ၊ သုံးစွဲ၊ လက်ကျန်အခြေအနေ၊ ယခင်ကာလများတွင် ဖြစ်ပွားခဲ့သော ဘေးအန္တရာယ်များအတွက် ပြည်တွင်း/ပြည်ပမှ အကူအညီ၊ အထောက်အပံ့ရရှိခဲ့မှု အခြေအနေများကို ဆွေးနွေးတင်ပြပြီး တက်ရောက်လာသူများမှ အကူအညီ၊ အထောက်အပံ့ရရှိနိုင်ရေး ဆောင်ရွက်ရမည့်နည်းလမ်းများကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြကြောင်းသိရသည်။

(၅၀၀)

# ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့တို့အတွင်း ဝန်ထမ်းအိမ်ရာများသို့ ဈေးကားများဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥ စသည့်ကုန်မျိုးစုံများအား သက်သာသောဈေးနှုန်းဖြင့် ၂၉ ရက်မြောက်နေ့အဖြစ် လှည့်လည်ရောင်းချပေးလျက်ရှိ



**နေပြည်တော် ဧပြီ ၂၈**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)တို့၏ စီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိနှင့် ကုန်မျိုးစုံဈေးကားများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့တို့အတွင်း ငလျင်ဒဏ်သင့်ဝန်ထမ်းအိမ်ရာများသို့ ၂၀၂၅ ခုနှစ် မတ်လ ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက်သွားရောက်ကာ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ၂၉ ရက်မြောက်နေ့အဖြစ် ဈေးကားခုနစ်စီးဖြင့် လှည့်လည်ရောင်းချပေးကြောင်း သိရှိရသည်။

၂၀၂၅ ခုနှစ် မတ်လ ၃၀ ရက်မှ ဧပြီလ ၂၈ ရက်အထိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော်ဘူတာကြီး၊ စက်ခေါင်းအလုပ်ရုံဌာန ဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိ ဆေးရုံဝန်ထမ်းအိမ်ရာများ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ ခနသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဉာဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ တပ်ကုန်းမြို့နယ်ရှိ အမှတ်(၁)ကာကွယ်ရေးပစ္စည်းစက်ရုံ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ရုံးအမှတ်-၄၅၊ ရဲဌာနရုံးချုပ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနရှိ ရုံးအမှတ်-၁၁ နှင့် ရုံးအမှတ်-၄၀၊ ညောင်ပင်သာရွာ၊ စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်)နှင့် အမျိုးသားပြတိုက်၊ အမျိုးသားမှတ်တမ်းမော်ကွန်းတိုက်ဦးစီးဌာနနှင့် အမျိုးသားစာကြည့်တိုက်တို့ရှိ ဝန်ထမ်းများအား ဆန်ခြောက်ပြည်ပါ (မနောသုခ-Export Quality) ၉၈၂၆ အိတ်၊ ဆန်ငါးပြည်ပါ (ဖျာပုံပေါ်ဆန်း) ၂၂၆၈ အိတ်၊ ဆီ ၂၈၅၂၀ ပိသာ၊ ဆား ၁၄၇၉ ပိသာ၊ ကုလားပဲ ၂၀ ကျပ်သားပါအိတ် ၅၁၉၉ ထုပ်၊ ငါးပိ ၂၆၇ ပိသာ၊ ငါးတံခွန်ခြောက်များ၊ ငါးပုတ်သင်ခြောက်များ၊ ငါးနီတူခြောက်များ၊ အာပွဲခြောက်များ၊ ကြက်ဥ၊ ဘဲဥများ၊ ငါးကြင်း ၄၅ ပိသာ၊ ငါးတန် ၄၀ ပိသာ၊ ငါးမုတ် ၃၀ ပိသာနှင့်ခေါက်ဆွဲခြောက်ထုပ်များကိုလည်း ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

အလားတူ စစ်ကိုင်းမြို့တွင် ဈေးကားလေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း) ၂၈၈ အိတ်၊ စားအုန်းဆီ ၄၆၁၅ ပိသာ၊ ဆား ၅၁ ပိသာ၊ ကုလားပဲ ၂၀ ကျပ်သားပါ ၂၆၄ ဘူး၊ ငါးပိ ၁၆ ပိသာ၊ ကြက်သွန်နီ ၅၃၈ ပိသာ၊ အသားတုံ ၂၃ ပိသာ၊ ကြက်ဥ၊ ဘဲဥများ၊ ငါးနီတူခြောက်များ၊ ပုစွန်ခြောက်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး မန္တလေးမြို့တွင် ဈေးကားလေးစီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (မနောသုခ) ၅၆၄ အိတ်၊ စားအုန်းဆီ ၅၂၈၀၀ ပိသာ၊ ဆား ၅၁ ပိသာ၊ ကုလားပဲ ၂၅ ကျပ်သားပါ ၈၄ ထုပ်၊ ငါးပိ ၂၀ ပိသာ၊ ငါးနီတူခြောက်၊ အာပွဲခြောက်၊ ကြက်ဥ၊ ဘဲဥများ၊ ခေါက်ဆွဲခြောက်ထုပ်များကို ရောင်းချပေးခဲ့ပြီး နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉-၄-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၀၅ | ၂၉၂၀ | ၂၈၈၅ | ၂၈၂၀ | ၂၉၂၅ | ၂၉၄၀ | ၂၉၅၅ | ၂၈၇၅ | ၄၅၀၅ | ၃၁၇၀ | ၂၈၉၅ | ၂၈၉၅ | ၂၉၆၅ | ၂၉၃၀ | ၂၉၅၀ | ၃၂၁၀ |
| 95 Ron | ၂၈၆၅ | ၂၉၇၅ | ၂၉၄၅ | ၂၈၇၅ | ၂၉၈၅ | ၃၀၀၀ | ၃၀၁၅ | ၂၉၃၅ | ၄၅၆၀ | ၃၁၂၅ | ၂၉၅၀ | ၂၉၅၀ | ၃၀၂၀ | ၂၉၈၅ | ၃၀၃၀ | ၃၂၆၅ |
| HSD (500 ppm) | ၂၄၃၅ | ၂၅၅၀ | ၂၅၁၅ | ၂၄၅၀ | ၂၅၅၅ | ၂၅၇၀ | ၂၅၉၀ | ၂၅၁၀ | - | ၂၈၀၀ | ၂၅၂၅ | ၂၅၂၅ | ၂၅၉၅ | ၂၅၆၀ | ၂၅၈၅ | ၂၈၄၀ |
| HSD (50 ppm) | ၃၀၁၀ | ၃၁၂၅ | ၃၀၉၀ | ၃၀၂၅ | ၃၁၃၀ | ၃၁၄၅ | ၃၁၆၅ | ၃၀၈၅ | ၄၈၃၀ | ၃၃၇၅ | ၃၁၀၀ | ၃၁၀၀ | ၃၁၇၀ | ၃၁၃၅ | ၃၁၆၀ | ၃၄၁၅ |
| HSD (10 ppm) | ၃၀၁၀ | ၃၁၂၅ | ၃၀၉၀ | ၃၀၂၅ | ၃၁၃၀ | ၃၁၄၅ | ၃၁၆၅ | ၃၀၈၅ | - | ၃၃၇၅ | ၃၁၀၀ | ၃၁၀၀ | ၃၁၇၀ | ၃၁၃၅ | ၃၁၆၀ | ၃၄၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၄၂ | ၂၇၂၈ |
| 95 Ron | ၂၆၉၇ | ၂၇၈၅ |
| HSD (500 ppm) | ၂၂၈၅ | ၂၃၆၀ |
| HSD (50 ppm) | ၂၈၄၂ | ၂၉၂၈ |
| HSD (10 ppm) | ၂၈၄၂ | ၂၉၂၈ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ကော့မှူးမြို့နယ်၊ နတ်စင်ကုန်းစံပြကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော်  ဧပြီ ၂၈

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ စဉ့်ကူကြီးကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ အင်းတိုင်တပ်နယ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ရွာဦးကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ၁ ပါးနှင့် ဒေသခံပြည်သူ ၄၉ ဦးတို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို အင်းတိုင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

■ **ကျောဖုံးမှအဆက်**

ပြန်လည်ဆုတ်ခွာခဲ့ရပြီး ကျောက်တံခါးနှင့် သူငွေးကုန်းရထားလမ်းပိုင်းအား နံနက် ၇ နာရီ ၂၆ မိနစ်အချိန်တွင် ယာယီပိတ်ထားခဲ့ရကြောင်း သတင်းရရှိသည်။

မိုင်းပေါက်ကွဲမှုဖြစ်စဉ် ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်တို့က အချိန်နှင့်တစ်ပြေးညီ နယ်မြေရှင်းလင်းစစ်ဆေးဆောင်ရွက်ခဲ့ရာ မိုင်းခွဲခံရမှုကြောင့် အစုန်လမ်း၏အရှေ့ဘက် သံလမ်း ၂ ပေခန့် ပြတ်ထွက်ခြင်း၊ အနောက်ဘက်သံလမ်း ၁၅ ပေခန့် ကွေးကောက်၍ လမ်းခင်းကျောက်နှင့် ကွန်ကရစ်ဇလီဖားတုံးအချို့ပျက်စီးခြင်းတို့အပြင် အခင်းဖြစ်ပွားရာနေရာအနီး မပေါက်ကွဲသေးသည့် လက်လုပ်မိုင်းတစ်လုံးအား ထပ်မံတွေ့ရှိရသည်။

မြန်မာ့မီးရထားဝန်ထမ်းများအနေဖြင့် လမ်းပိုင်းအား အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး စစ်ဆေးဆောင်ရွက်ခဲ့ပြီးနောက် ကျောက်တံခါးနှင့် သူငွေးကုန်းဘူတာအကြား အစုန်လမ်း၏သံလမ်းအားလဲလှယ်ခြင်း၊ လမ်းပြုပြင်ခြင်းများကို ဆောင်ရွက်ခဲ့ပြီး မွန်းလွဲ ၂ နာရီ ၃၈ မိနစ်အချိန်တွင် အဆိုပါလမ်းပိုင်းအား ပြန်လည်ဖွင့်လှစ်၍ ရထားများ ပုံမှန်အတိုင်းပြေးဆွဲပေးလျက်ရှိကြောင်းသိရသည်။

အဆိုပါ မိုင်းပေါက်ကွဲမှုဖြစ်စဉ်ကြောင့် ယနေ့နံနက်က ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ပြေးဆွဲလျက်ရှိသော အမှတ်(၁၁)အဆန် အမြန်ရထားနှင့် အမှတ်(၇)အဆန် DEMU အမြန်ရထားတို့အား ညောင်လေးပင်ဘူတာ၌ အသီးသီးရောက်ရှိရပ်တန့်ထားခဲ့ရပြီး လမ်းပိုင်းစစ်ဆေးပြုပြင်ပြီးစီး၍ နံနက် ၈ နာရီ ၅၇ မိနစ်အချိန်မှသာ ပြန်လည်ထွက်ခွာပေးနိုင်ခဲ့သဖြင့် လူစီးရထားများ ၁ နာရီခန့်စီကြန့်ကြာမှုဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။



ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်းရှိ ကျောက်တံခါးနှင့်သူငွေးကုန်းဘူတာအကြား အစုန်ရထားလမ်းပေါ်၌ မပေါက်ကွဲသေးသည့်လက်လုပ်မိုင်းတစ်လုံးအား ထပ်မံတွေ့ရစဉ်။



အစုန်ရထားလမ်းပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ရထားလမ်းပျက်စီးမှုအား ပြန်လည်ပြုပြင်ဆောင်ရွက်စဉ်။



အစုန်ရထားလမ်းပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ရထားလမ်းပျက်စီးမှုအား ပြန်လည်ပြုပြင်ဆောင်ရွက်စဉ်။



အစုန်ရထားလမ်းပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ရထားလမ်းပျက်စီးမှုအား ပြန်လည်ပြုပြင်ဆောင်ရွက်ပြီး RGC ဖြင့် စမ်းသပ်ဖြတ်သန်းနေမှုကိုတွေ့ရစဉ်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း(၈၁)ကြိမ်၊ ရထားတံတား/သံလမ်းများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း (၁၇၅)ကြိမ်၊ ဘူတာအဆောက်အဦနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း (၁၆)ကြိမ် ကျူးလွန်ခဲ့ကြသည်။

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်ပိုင်ရထားစက်ခေါင်းနှင့် တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ ခရီးသည်များနှင့်ကုန်စည်များ ထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီးခရီးသွားပြည်သူများအနေဖြင့် ရထားဖြင့်ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ်ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာ သွားလာနိုင်မှုမရှိစေရေးအတွက် ရည်ရွယ်ပြီး ယခုကဲ့သို့ အကြိမ်ကြိမ်ကျူးလွန်ဖျက်ဆီးနေကြခြင်းဖြစ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူခရီးသွားလာမှုနှင့်ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့်အခြေခံအဆောက်အဦများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးနှင့် ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက် အလေးထားစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**မြန်မာ့မီးရထား**


**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
PYIN OO LWIN
Nan Myaing
2+1 coffee
PYIN OO LWIN
NAN MYAING
PURE ARABICA
Coffee
PURE ARABICA COFFEE
Black Coffee
PYIN OO LWIN
NAN MYAING
2 in 1
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
သဘာဝအရသာရှိ အရသာရှ စိတ်ရွှင်ကြည်နူး ....
ရွှေဖီဦး
ရွှေဖီဦး BLACK TEA (မှောင်တရား)ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူး လျက်ရှိပါသည်။
(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
Tea Mix
Lemon Tea
Black Tea
SHWE PHE OO
Lemon Tea
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


Smart p ®
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin


Quality For You
VEGA
ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ
Quality For You
သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့
ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၆၉၈၃၅၈၅၃၁

# တိုင်းစစ်ဌာနချုပ်အသီးသီးနှင့် ကွပ်ကဲမှုအောက်တပ်နယ်များ၌ ကျောင်းသား/ကျောင်းသူများအတွက် နွေရာသီသင်တန်းများဖွင့်လှစ်



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး ကျောင်းသားတစ်ဦးအား သင်ထောက်ကူပစ္စည်းများပေးအပ်စဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ နွေရာသီသင်တန်းများဖွင့်ပွဲကျင်းပစဉ်။

နေပြည်တော် ဧပြီ ၂၈

ကျောင်းသား/ကျောင်းသူများအနေဖြင့် နွေရာသီကျောင်းပိတ်ရက်ကာလများတွင် အားလပ်ချိန်များကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ ဘာသာ၊ သာသနာကို တန်ဖိုးထားတတ်စေရန်၊ မြတ်ဗုဒ္ဓ၏ အဆုံးအမနှင့် ကျင့်စဉ်များကို ပိုမိုနက်ရှိုင်းစွာ နားလည်စေရန်နှင့် အကျင့်စာရိတ္တကောင်းမွန်ပြီး ပညာထူးချွန်သူများဖြစ်လာစေရန်၊ လက်တွေ့ အသုံးချဘာသာရပ်များနှင့်အတူ ဗဟုသုတ ရစေပြီး အတတ်ပညာများတိုးပွားစေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်အသီးသီးနှင့် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များ၌ အင်္ဂလိပ်သဒ္ဒါ/စကားပြောသင်တန်း၊ အခြေခံကွန်ပျူတာသင်တန်း၊ မြန်မာသိုင်းသင်တန်းများ စသည်ဖြင့် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ဗလမင်းထင်ခန်းမ၌လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်ရှိ ရောဝတီခန်းမ၌လည်းကောင်း အသီးသီးဖွင့်လှစ်ရာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် သင်တန်းနည်းပြများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးများက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးများက နွေရာသီသင်တန်းများတွင် တက်ရောက်ကြမည့် ကျောင်းသား/ကျောင်းသူများအတွက်သင်ထောက်ကူပစ္စည်းများ ပေးအပ်ပြီး ဆရာ၊ ဆရာမများ၊ နည်းပြများနှင့် သင်တန်းသားကျောင်းသား/ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အလားတူ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်တပ်နယ်များ၌လည်း အဆိုပါ နွေရာသီသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့၌ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးတံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲများကျင်းပပြုလုပ်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးတံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ကိုထိုက်က မိုးပျံပူဖောင်းများအား ပစ္စတိုဖြင့်ပစ်ဖောက်ကာ ၂၀၂၅ ခုနှစ် တိုင်းမှူးတံခွန်စိုက်ဒိုင်းသေနတ်ပစ်ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။

နေပြည်တော် ဧပြီ ၂၈

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးတံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲအား ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ ဗထူးတပ်နယ် နယ်မြေခံသင်တန်းကျောင်းရှိ စက်ပစ်ကွင်း၌ကျင်းပပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးကအဖွင့်အမှာစကားပြောကြားပြီး မိုးပျံပူဖောင်းများအား ပစ္စတိုဖြင့်ပစ်ဖောက်ကာ ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်ပစ်ခတ်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါသေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင် အမျိုးသား ၈ သင်း နှင့် အမျိုးသမီး ၈ သင်းတို့ဖြင့် မေလ ၆ ရက်နေ့ထိ ယှဉ်ပြိုင် ပစ်ခတ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးတံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ပြင်ဦးလွင်တပ်နယ် နယ်မြေခံသင်တန်းကျောင်းရှိ စက်ပစ်ကွင်း၌ ကျင်းပပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးကအဖွင့်အမှာစကားပြောကြားပြီး မိုးပျံပူဖောင်းများအား ပစ္စတိုဖြင့်ပစ်ဖောက်ကာ ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်ပစ်ခတ်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ သေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အမျိုးသား ၁၀ သင်းနှင့် အမျိုးသမီး ၁၀ သင်းတို့ဖြင့် ဧပြီလ ၃၀ ရက်နေ့ထိ ယှဉ်ပြိုင်ပစ်ခတ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း



တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် သွေးအလှူရှင်များအား အာဟာရဖြည့်စားသောက်ဖွယ်ရာများ၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်စဉ်။

နေပြည်တော် ဧပြီ ၂၈

(၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့နယ်ရှိ တပ်မတော်ဆေးရုံ၌ ပြုလုပ်ရာ ခရိုင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းကြသည်။

ဦးစွာ မီးသတ်တပ်ဖွဲ့ဝင် ၂၇ ဦးတို့က သတ်မှတ်နေရာအသီးသီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။ ထိုသို့သွေးလှူဒါန်းနေမှုများကို တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သွေးအလှူရှင်များအား အာဟာရဖြည့် စားသောက်ဖွယ်ရာများ၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်းသတင်းရရှိသည်။

(၁၀၀)

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား ”** အစီအစဉ်မှ **“အကြမ်းဖက်သမားတွေရဲ့လက်အောက်မှာ အသက်နဲ့ရင်းပြီး ဘုရားဖူးနေရသော ပြည်သူများ”**ခေါင်းစဉ်ဖြင့် ၃၀-၄-၂၀၂၅ ရက်မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“လသားကလေးငယ်ပါမချန် အကြောင်းမဲ့သတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင်ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၅၅ ဦးကို ပြည်နှင့်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသားသုံးဦးအား ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်

နေပြည်တော် ဧပြီ ၂၈

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု(Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို ပြတ်ပြတ်သားသားစုံစမ်းဖော်ထုတ်လျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီမြို့-မင်းလက်ပံ၊ မယ်ထော်သလေးနှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၅၅ ဦးကို ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ပြည်ပနိုင်ငံသားသုံးဦးကို ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည်။

ဦးစွာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်က ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင့်လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များတွင် လိုအပ်သည့် ကိုယ်ရေးအချက်အလက်အထောက်အထားများနှင့် စာရင်းဇယားများ ပြည့်စုံမှန်ကန်ကိုက်ညီမှုရှိရေးတို့ကို မှာကြားသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ၊ မလေးရှားနိုင်ငံဆိုင်ရာ ယူဂန်ဒါသံမှူးတနိုင်ငံသံရုံးမှ Ambassador H.E. Ms. Betty O. Bigombe နှင့်တာဝန်ရှိသူများ၊ မလေးရှားနိုင်ငံဆိုင်ရာ ဇင်ဘာဘွေသံမှူးတနိုင်ငံသံရုံးမှ Minister Counsellor Ms. Tsitsi Kangai – Kasirowori နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဗီယက်နမ်သံရုံးမှ First Secretary Ms. Nguyen Thi Kim Chung နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ပါကစ္စတန်သံရုံးမှ First Secretary Mr. Fahd Saleem နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။



အွန်လိုင်းလိမ်လည်မှု(Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်စဉ်။

အလားတူ မြဝတီမြို့ မယ်ထော်သလေး (KK Park) နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့်အင်ဒိုနီးရှားနိုင်ငံသား သုံးဦးကို ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ဧပြီလ ၂၈ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၀၄၃ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ၇၅၆၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ပြည်ပနိုင်ငံသား ၁၄၇၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်မှ ယနေ့အထိ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသား ၉၀၄၃ ဦးသည် တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ ပါကစ္စတန်၊ အိန္ဒိယ၊ ယူဂန်ဒါ၊ အီသီယိုးပီးယား၊ နီပေါ၊ ထိုင်း၊ ရဝမ်ဒါ၊ ကင်ညာ၊ ကာဇက်စတန်၊ ကမ္ဘောဒီးယား၊ ဂါနာ၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန်၊ သီရိလင်္ကာ၊ တောင်အာဖရိက၊ တူနီးရှား၊ အယ်ဂျီးရီးယား၊ ကွန်ဂို၊ ကင်မရွန်း၊ ဥဇဘက်ကစ္စတန်၊ နိုင်ဂျီးရီးယား၊ ကာဂျစ္စတန်၊ နမီးဘီးယား၊ မာဒါဂတ်စကား၊ ရိုမေးနီးယား၊ လိုက်ဘေးရီးယား၊ ရုရှား၊ ဖိလစ်ပိုင်၊ ဇင်ဘာဘွေ၊ မာလဝီ၊ ဆီယာရာလီယွန်၊ ဘူရွန်ဒီနှင့် တရုတ် (တိုင်ပေ)တို့မှ နိုင်ငံသားများဖြစ်ကြပြီး ထပ်မံ၍ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသားများအား စစ်ဆေးဖော်ထုတ်ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၂၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ **ဧပြီလ ၂၅ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန် ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Tractor Head (၁)စီးနှင့် နောက်တွဲယာဉ်(၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ အမှတ်(၃) လမ်းဆုံအနီး၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၄၂၄၆၅)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ပဲခူးတက္ကသိုလ်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၉)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၅၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ညောင်ခါးရှည်ကျေးရွာ၊ Famous ဆီဆိုင်အနီး၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း(၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၃၂၄၂၇၅)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head (၁)စီးနှင့် နောက်တွဲယာဉ်(၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၆၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၉၃၇၈၇၄၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။





ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ပဲခူးတက္ကသိုလ် အနီး၌ ဖမ်းဆီးရမိမှု။

ထို့အတူ မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ငဖဲမြို့၊ မြို့အဝင်စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် **ဧပြီလ ၂၆ ရက်**တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့၊ အေးရိပ်ငြိမ်ရပ်ကွက်၊ ကမ်းသာယာလမ်း၊ ကြက်ဒိုင်ဆိပ်အနီး မြစ်ကမ်းဘေး၌ စုပုံထားသော အကောက်ခွန်မဲ့လူသုံးကုန်ပစ္စည်း(၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၇၄၀၀၀၀)ကို လည်းကောင်း၊ ကော့သောင်းမြို့၊ အေးရိပ်ငြိမ်ရပ်ကွက်၊ ရန်ကြီးအောင်လမ်းရှိ ဂိုဒေါင်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၇၂၄၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၄၆၄၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့၊ ရွှေသံလွင်တိုးဂိတ်အနီး၌မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး၊ လူသုံးကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၆၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Cheng Long Tractor Head (၁)စီး၊ Dong Feng Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၂)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၈၆၀၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံစစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှတောင်ကြီးမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၆၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Ranger Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၅၆၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် **ဧပြီလ ၂၆ ရက်နှင့် ၂၇ ရက်**တို့တွင် ဧရာဝတီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဟင်္သာတမြို့နယ်နှင့်ဖျာပုံမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၂)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၅ ရက်၊ ၂၆ ရက်နှင့် ၂၇ ရက်နေ့တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၂၇)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၅၄၀၂၇၄၀)**ကို ဖမ်းဆီးရမိခဲ့ပါသည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စားပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့်ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက် ပိုမို၍တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သတင်းရရှိပါသည်။

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **လူငယ်များ၏စူးစမ်းလိုစိတ်၊ တီထွင်ဖန်တီးလိုစိတ်၊ ကျိုးကြောင်းဆီလျော်စွာ စဉ်းစားဝေဖန်ပိုင်းခြားနိုင်စိတ်၊ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်များ ရှင်သန်ကိန်းအောင်းလာစေရန် ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ ဥပဒေကို သိရှိလေးစားလိုက်နာတတ်ရန်နှင့် ကျင့်ဝတ်သိက္ခာပြည့်ဝပြီး လူမှုတာဝန်များကို ကျေပွန်စွာ ပြုမူနေထိုင်တတ်စေရန်လည်း လမ်းပြသွန်သင်ပေးသွားကြရမည်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင်ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံဩဝါဒစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတကာမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့်သူနာပြုဆေးအဖွဲ့များ၊ ပြည်တွင်းရှာဖွေကယ်ဆယ်ရေးအဖွဲ့အစည်းများနှင့် ပရဟိတအဖွဲ့အစည်းအားလုံးကို ကျေးဇူးတင်ရှိကြောင်းနှင့် မှတ်တမ်းတင်ဂုဏ်ပြုကြောင်း သတင်းထုတ်ပြန်ချက်

စာ-၁၁ သို့

## ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်းရှိ ကျောက်တံခါးနှင့် သူငွေးကုန်းဘူတာအကြား အစုန်ရထားလမ်းပေါ်၌ အကြမ်းဖက် သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုဖြစ်ပွား



ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်းရှိ ကျောက်တံခါးနှင့် သူငွေးကုန်းဘူတာအကြား အစုန်ရထားလမ်းပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ပျက်စီးသွားသောရထားလမ်းပိုင်းကို တွေ့ရစဉ်။

**နေပြည်တော် ဧပြီ ၂၈**

ယနေ့နံနက် ၇ နာရီအချိန် ကျောက်တံခါးဘူတာမှထွက်ခွာလာသော အမှတ်(၉၁၂)အစုန်ကုန်ရထားသည် ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်းရှိ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ကျောက်တံခါးဘူတာနှင့် သူငွေးကုန်းဘူတာအကြား၊ မိုင်တိုင်အမှတ် ၁၇၇/၄-၅ နေရာသို့ရောက်ရှိချိန်တွင် အစုန်ရထားလမ်းပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် အစုန်ရထားလမ်းထိခိုက်ပျက်စီးနေကြောင်း တွေ့ရှိရသဖြင့် ကျောက်တံခါးဘူတာသို့ **စာမျက်နှာ ၂၇ ကော်လံ ၁** ■



စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ငလျင်ဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာမှပေးအပ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများအား ပြန်လည်ဖြန့်ဝေပေးအပ်စဉ်။

## နိုင်ငံတကာမှကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ

စာ-၇ သို့

## ဆောင်းပါး

လူရည်ချွန်တို့ ပျော်တဲ့ပွဲ..... အစိုးရရဲ့ စေတနာကို မြင်ရမယ့်ပွဲ.....

စာ-၃ သို့

## အချိန်အခါမဟုတ် မိုးရွာနိုင်မည့်သတိပေးချက်

**နေပြည်တော် ဧပြီ ၂၈**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေစွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ **စာမျက်နှာ ၆ ကော်လံ ၁** ❍

